# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၁၇)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ ၂၀-၁၀-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# စိုက်ပျိုးရေးလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်

## အားကစားကွင်းများ အဆင့်မြှင့်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးသကဲ့သို့ အားကစားကဏ္ဍတိုးတက်ရေးဆောင်ရွက်

## ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီးသဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေး အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလို




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်) တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၉**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၂၀ ရက် ၊ တနင်္လာနေ့ ။

မန္တလေး

## ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား အောက်တိုဘာ ၁၈ ရက် နေ့လယ်ပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိအနေဖြင့် ကိုကိုးကျွန်းမြို့သို့ လာရောက်ခဲ့သည်မှာ (၂၀) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့တိုးတက်စေရေး မိမိအနေဖြင့် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်မှစတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ယခင်ကနှင့် လုံးဝမတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်ကြောင်း၊ မိမိတို့မှ မည်သို့ပင်ဆောင်ရွက်ပေးသည်ဖြစ်စေ ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြရန်လည်းလိုကြောင်း၊ ကိုကိုးကျွန်းမြို့တွင် လယ်မြေများမရှိကြောင်း၊ သွားလာစားသောက်ရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများရှိကြောင်း၊ သွားလာရန်ခက်ခဲသည့်အချိန်တွင် စားသောက်ရေးအတွက် အခက်အခဲမဖြစ်စေရန်လိုကြောင်း၊ ထို့ကြောင့် မြို့တွင်နေထိုင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြို့မိ၊ မြို့ဖများနှင့် မြို့နေပြည်သူများအနေဖြင့် ဝိုင်းဝန်း၍ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဒေသဝမ်းစာပြည့်မီရေးအတွက် ဒေသအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း ရေရှည်ကိုကြည့်၍ စနစ်တကျတွက်ချက်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် ကိုကိုးကျွန်းဒေသ ဝမ်းစာဖူလုံရေးအတွက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ လယ်ယာများ၊ ကုန်းမြင့်ယာများကို ဖော်ထုတ်သွားရန်လိုကြောင်း၊ ထိုသို့ဖော်ထုတ်နိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ စားရေးနှင့်ပတ်သက်၍ ကိုကိုးကျွန်းမြို့တွင် နေထိုင်ကြသည့် ပြည်သူများ၏ အရေအတွက်ကို တွက်ချက်၍ ပထမအဆင့် ၂၅ ရာခိုင်နှုန်းဖူလုံစေရန်၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်းဖူလုံစေရန်၊ ထို့မှတစ်ဆင့် ၁၀၀ ရာခိုင်နှုန်း ပြည့်မီသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများသာမက တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဆိတ်မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကိုကိုးကျွန်းနေပြည်သူများ၏ အချက်အလက်များကိုကောက်ယူ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသတွင် အခြေခံအားဖြင့်ရှိပြီးဖြစ်သည့်အုန်းပင်များမှ အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်၍ရကြောင်း၊ ထို့ကြောင့် ကိုကိုးကျွန်းဒေသမှ အုန်းထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး မိမိအနေဖြင့် ဆောင်ရွက်ပေးထားကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ယခုထက်ပိုမိုကောင်းမွန်သည့် အုန်းမျိုးများစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ဒေသတွင် အခြေခံအကျဆုံး ပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသမှထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ဒေသတွင်းပညာတတ်များ ပိုမိုကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုစေနိုင်ကြောင်း ပြောကြားသည်။

ကိုကိုးကျွန်းဒေသတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထားသည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုအပ်မည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ၊ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးအတွက် အရည်အသွေးမြှင့် ဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်တွင် အခြေခံပညာအထက်တန်းအဆင့် သင် ဆရာ၊ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့ အသုံးချသင်ကြားနိုင်ရေးအတွက် အရည်အသွေးမြှင့်ဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက်က မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် သင်ကြားပို့ချပေးခဲ့သည်။

အခြေခံပညာအထက်တန်း အဆင့်သင် ဆရာ၊ ဆရာမများအား သင်ထောက်ကူပစ္စည်းများ အသုံးပြု၍ သင်ကြား၊ သင်ယူမှုလုပ်ငန်းများ ထိရောက်မှုရှိစေရန်၊ သင်ထောက်ကူပစ္စည်းများ ကိုယ်တိုင်တီထွင်အသုံးပြုတတ်စေရန်၊ မိမိဒေသနှင့် ပတ်ဝန်းကျင်ရှိ ပစ္စည်းများ အသုံးပြုပြီး သင်ထောက်ကူပစ္စည်းများအဖြစ် အသုံးပြုမှုရှိစေရန်ရည်ရွယ်၍ အရည်အသွေးမြှင့်ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပြီး ၄င်းဆွေးနွေးပွဲကို မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ၊ ဆရာမ ၁၁၅၇ ဦး တက်ရောက်ခဲ့ရာ ယင်းဆွေးနွေးပွဲကို မိတ္ထီလာမြို့နယ်ရှိ အ·ထ·က (၁)၊ အ·ထ·က(၃)နှင့် အ·ထ·က(၅)တို့တွင် မိတ္ထီလာ တက္ကသိုလ်မှ ဆရာ၊ ဆရာမများက အောက်တိုဘာ ၁၈ ရက်မှ ၁၉ရက်အထိ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်မော်မော်ထံမှ သိရသည်။

အဆိုပါ အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ၊ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးအတွက် အရည်အသွေးမြှင့် ဆွေးနွေးပွဲ သင်ကြားပို့ချနေမှုအား မိတ္ထီလာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ကျော်လင်း၊ ဒေါက်တာ နေအောင်နှင့် မိတ္ထီလာခရိုင် ပညာရေးမှူး ဒေါ်မော်မော်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၄၆၉)

၀-၀-၀-၀-၀-၀

## မိုင်းယောင်းမြို့၌ သန့်ရှင်းရေးဆောင်ရွက်

**မိုင်းယောင်း အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ပုဗ္ဗဝိဇယစေတီတော်၌ အောက်တိုဘာ ၁၈ ရက် နံနက် ၇ နာရီက တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းစီဖေါင်း(ပြန်/ဆက်)**

### ၁၉ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၂၁ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ကျောက်ဆည်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံ၌ ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များအား ရောင်းချပေး

**ကျောက်ဆည် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေးအထောက်အပံ့ရရှိစေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးဆောင်မှုဖြင့် ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်း၊ အသား၊ ငါးဒိုင်များ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုကျောင်း၌ ရွေ့လျားစနစ်ဖြင့် ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် အသား၊ ငါး၊ ဆီ၊ ဟင်းသီး၊ ဟင်းရွက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။



အခြေခံစားသောက်ကုန်များ ရောင်းချရာ၌ ပစ္စည်းအရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရေး ခရိုင်စားသုံးသူရေးဦးစီးဌာနမှ ကြီးကြပ်၍ လက်ရှိပေါက်ဈေးအပေါ် ၂၀ ရာခိုင်နှုန်းလျှော့ချ၍ ဝက်သား ပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ၊ စားအုန်းဆီ ပိဿာ ၁၁၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

(၄၈၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ပုသိမ်မြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ သစ်စိမ်းမြေဩဇာများ ထည့်သွင်းဆောင်ရွက်လျက်ရှိမှု၊ မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသားတင်၊ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်မှုအခြေအနေများ၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ဆီဖူလုံမှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်မှု၊ နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေများဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ တိုးတက်စေရေး စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပညာရည်မြင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အားကစားကဏ္ဍမြင့်တင်ရေး ဆောင်ရွက်ပေးနိုင်မှု၊ ခရီးသွားများ ဝင်ရောက်လျက်ရှိမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ပုသိမ်-ရန်ကုန် လမ်းပိုင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ပုသိမ်-ငွေဆောင်သွား ကားလမ်းပေါ်ရှိ သလပ်ခွာတံတားအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ အဆင့်မီ ဘက်စုံသုံးအားကစားကွင်း တည်ဆောက်ပေးစေလိုမှု၊ နိုင်ငံတော်၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမှု၊ ပီလောပီနံများ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSMEကုန်ထုတ်လုပ်ငန်းများအား နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လမ်းပန်းဆက်သွယ်မှုများ မြန်ဆန်ချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးလျာထားဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေများရရှိရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးမြေများ တိုးချဲ့ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့်အခြားကဏ္ဍအလိုက်အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေး ကောင်းမွန်သည့် ထုတ်ကုန်များ ဖြစ်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ဥပမာအားဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် စပါးများ၏ Eating Quality များ ကောင်းမွန်ရန်လိုပြီး အရေအတွက် ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်**

❖ **တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် စပါးများ၏ Eating Quality များ ကောင်းမွန်ရန်လိုပြီး အရေအတွက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လို**

☆ စာမျက်နှာ ၃ မှ

အဓိကအားဖြင့် လုပ်သမျှ အကျိုးခံစားနိုင်ရန် အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်အနေဖြင့် မိုးစပါးတင်း ၁၀၀၊ နွေစပါးတင်း ၁၁၀ ထားရှိကြောင်း၊ စိုက်ပျိုးကေများ မှန်ကန်ရန်နှင့် အထွက်နှုန်းများတိုးတက်မှုရှိရန်လိုကြောင်း၊ ဒေသအားလုံးသို့ သွားရောက်နိုင်ခြင်းမရှိသော်လည်း အချို့ဒေသများတွင် ကွင်းဆင်းကောက်ယူနိုင်ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိစေရေး တာဝန်ရှိသူများက စနစ်တကျကောက်ယူသွားရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့် ပတ်သက်၍ မြေကို စနစ်တကျအသုံးချရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ လယ်စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရေနက်ကွင်းများဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါရေနက်ကွင်းများအား မြေပြုပြင်သည့် လယ်စပါးစိုက်ပျိုးခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက် သွားရန်လိုကြောင်း၊ ရေနက်ကွင်းများကို စနစ်တကျ အသုံးချဆောင်ရွက်မည်ဆိုပါက သား၊ ငါးထုတ်လုပ်မှုကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ထိပ်ဆုံးတွင် ရှိနေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးဖြင့်စနစ်တကျစိုက်ပျိုးကြရန်လိုကြောင်း၊ လယ်မြေများအား ကေကွက်များအဖြစ် ဖော်ထုတ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်**

စပါးစိုက်ပျိုးမှု လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ စပါးစိုက်ပျိုးမှုများကို ပင်ကြား၊ တန်းကြားမှန်မှန်ကန်ကန်နှင့် ကောက်ကွက်ပြည့်မီအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ လယ်မြေများအား မြေပြုပြင်၍ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ မြို့တွင်ရှိပြီးဖြစ်သည့် ဒေသတွင်းစားရေး အထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား ကောင်းမွန်လာမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဆိုပါက ပြည်ပပို့ကုန်များတိုးတက်လာပြီး နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိလာမည် ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံခြားငွေများရရှိလာမည်ဆိုပါက နိုင်ငံ့စီးပွားရေးတိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်လုပ်ရန်လိုကြောင်း၊ အထွက်နှုန်းများ ရာနှုန်းပြည့်ထုတ်လုပ်ပြီး ပို့ကုန်ပစ္စည်းများ ထုတ်လုပ်၍ နိုင်ငံခြားငွေများရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမှန်တကယ်ကောင်းမွန်သည့် အမျိုးအစားဖြစ်သဖြင့်ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှနှစ်စဉ် တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများသုံးစွဲရလျက်ရှိကြောင်း၊ ဆီဖူလုံရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့နေရာများ၌ နေကြာစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် နေကြာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပဲပုပ်၊ နေကြာ၊ မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရေးဆောင်ရွက် သွားရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး အတွင်း တိရစ္ဆာန်အစားအစာများထွက်ရှိကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ နွား များကို ပိုမိုတိုးချဲ့ မွေးမြူဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများ နည်းပါးနေသေးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍနှင့် ပတ်သက်၍ သင်ကြားခြင်းနှင့် သင်ယူမှုများတိုးတက်စေရေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့်တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများ အဆင့်မြင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးသကဲ့သို့ အဆင့်မီရေကူးကန်များကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပချိန်တွင်လည်း ပွဲကြည့်ပရိသတ်များရှိရန် လိုကြောင်း၊ အားကစားနှင့်ပတ်သက်၍ နည်းပြများ ပြည့်စုံစွာရှိရန်လိုကြောင်း၊ အားကစားတိုးတက်ရေးအတွက် ကြံခိုင်ရေးနည်းပြနှင့် နည်းစနစ်နည်းပြများထားရှိရန်လိုကြောင်း၊ အားကစားကဏ္ဍတိုးတက်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဗိုလ်မြတ်ထွန်းတံတားမှ ပုသိမ်မြို့အထိ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ သလပ်ခွာတံတားအဆင့်မြှင့်တင်ပေးစေလိုမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြေယာနှင့်ပတ်သက်၍ မြေလွတ်မြေရိုင်းများအား အမှန်တကယ်စိုက်ပျိုးသွားမည်ဆိုပါက ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် သုံးစွဲခြင်းများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေကိုအကျိုးရှိစွာဖြင့်အသုံးချရန်လိုပြီး ပုသိမ်မြို့ အပါအဝင် ပြည်နှင့်တိုင်းမြို့ကြီးများ၌ အဆင့်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပြများဖွံ့ဖြိုးတိုးတက်ရေး အတွက် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက စနစ်တကျဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် သစ်ပင်သစ်တောများ ရှင်သန်ဖြစ်ထွန်းစေရေး အတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဝါးများပေါများစွာ ထွက်ရှိကြောင်း၊ ဝါးများကိုအသုံးပြု၍ ပျော့ဖတ်များနှင့် စက္ကူများ ထုတ်လုပ်နိုင်သကဲ့သို့ လူသုံးကုန်ပစ္စည်းများလည်းထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါးအခြေခံသည့် ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲ မကျင်းပနိုင်သည့် မြို့နယ်များကို ကြားဖြတ်ရွေးကောက်ပွဲကျင်းပချိန်တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဲမသမာမှု ပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန်လိုပြီးအမှန်တကယ် တိုင်းပြည်နှင့် ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီးသဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ(MSME)မှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။

★ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

★ အဆင့်မြင့်ပညာကဏ္ဍနှင့် ပတ်သက်၍ သင်ကြားခြင်းနှင့် သင်ယူမှုများတိုးတက်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်)တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်) တည်ဆောက်ပြီးစီးမှုနှင့် ရေကူးကန်အတွင်းအခြေခံ ရေကူးနှင့် ဒိုင်ဗင်သင်တန်းသား သင်တန်းသူများ ရေကူးလေ့ကျင့်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ်သို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပုသိမ်လေဆိပ်အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပုသိမ်လေယာဉ်ကွင်းအား ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန်လို တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းစေရေး တပ်မတော်အနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပုသိမ် တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဇေယျာဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် တပ်မတော်ကိုနိုင်ငံတော်၏ ပြည်တွင်းပြည်ပရန်ကို ကာကွယ်ရန် ဖွဲ့စည်းထားရှိခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန် လိုကြောင်း၊ အလားတူ ပြည်သူများမှ အပြည့်အဝ ယုံကြည်ကိုးစားသည့် တပ်မတော်ဖြစ်ရန် လိုကြောင်း၊ ဒေသအလိုက် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများ တစ်သားတည်းဖြစ်အောင် လုပ်ဆောင်ပြီး ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာဖြင့် ဆောင်ရွက်နိုင်ရေးလုပ်ဆောင်ရန် လိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အခြေအနေအရ ၂၀၂၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ၎င်းကာလအတွင်း ဆန္ဒပြမှုများမှ တစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများအထိ ဖြစ်ပေါ်ခဲ့သဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါနိုင်ငံတစ်ဝန်း ထိုက်သင့်သလောက် တည်ငြိမ်အေးချမ်းနေပြီဖြစ်ပြီး တစ်နိုင်ငံလုံး တည်ငြိမ် အေးချမ်းစေရေး တပ်မတော်အနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သောကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သား တစ်ဦးချင်း အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို မပျက်မကွက် လုပ်ဆောင်နေရန်လိုကြောင်း၊အလားတူနေ့စဉ်ဆောင်ရွက်ရမည့် ဦး၊ ရေး၊ ထောက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို မပျက်မကွက် ဆောင်ရွက်နေရန် လိုကြောင်း၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည်လည်း မိမိတို့တပ်ကို အရည်အသွေးရှိသည့်တပ်ဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့၏ လူနေမှုဘဝကို ထိခိုက်စေမည့် အသောက်အစားအပျော်အပါးများကို တတ်နိုင်သမျှရှောင်ရှားရန်လိုကြောင်း၊ မိမိကိုယ်ကို တပ်မတော်သားကောင်းတစ်ဦးဆိုသည့် စိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ တပ်မတော်သားများ ဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ သွားလာ နေထိုင်မှုများမှအစ စည်းကမ်းနှင့်အညီ နေထိုင်ကြရန် လိုကြောင်း။

တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊မိသားစုများ၏သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရာရှိ၊ စစ်သည်၊ မိသားစုများ အနေဖြင့်လည်း တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တတ်နိုင်သမျှ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေး အုပ်ချုပ်ရသူများအနေဖြင့် အဆင့်ဆင့်စနစ်တကျ စီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း တပ်မတော်ကို ကောင်းအောင် တစ်ဦးချင်း ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ခြင်းကြောင့် ခေတ်အဆက်ဆက်တွင် သယံဇာတပစ္စည်းများကို ထုတ်ယူ သုံးစွဲခဲ့ကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခြေခံအားဖြင့် ရှိပြီးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး တပ်မတော်သားများ အနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒေသအလိုက် ပြည်သူများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

လက်နက်ကိုင် အကြမ်းဖက်မှုများကြောင့် တည်ငြိမ်မှု ပျက်ပြားနေမည်ဆိုပါက စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ထို့ကြောင့် လက်နက်ကိုင် အကြမ်းဖက်မှုများ ချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းမှု ရှိစေရေး မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့်တပ်၊ စွမ်းအားရှိသည့်တပ်များဖြစ်အောင် တည်ဆောက်ပြီး နိုင်ငံ့အကျိုး၊ တပ်မတော်အကျိုးနှင့် ဒေသအကျိုးအတွက် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။ စာမျက်နှာ ၆ သို့ ★




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တိုင်းမှူးက လက်ခံရယူစဉ်။

- ❖ မိမိတို့နိုင်ငံတွင် အခြေခံအားဖြင့်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး တပ်မတော်သားများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒေသအလိုက် ပြည်သူများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်လို
- ❖ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး အတွက် အထောက်အကူပြုစေမည်ဖြစ်

★ စာမျက်နှာ ၅ မှ

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက်နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက် ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာ ရရှိခဲ့မှု အခြေအနေများ၊ ရောဂါ ကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံ လိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးသည်လည်း ဆေးရုံ တက်ရောက် ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေး အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ပုသိမ်တပ်နယ်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ကြည့်ရှုအားပေးစဉ်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် မန္တလေးတိုင်းဒေသကြီးရှိ ငလျင်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး




မန္တလေး အောက်တိုဘာ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပြည်တွင်း အခွန်များဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနအောက်ရှိ ဌာနများအနေဖြင့် ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဆောင်ရွက်ပေးရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများ အပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ် ကောက်ခံခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးကြသည်။ (ဓါတ်ပုံ)

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ကြီးဌာနမှ ရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိကျောင်းသားကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ စုပေါင်း သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသော ဒံပေါက်၊ ရေသန့်ဘူးများနှင့် အချိုရည်များကို တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပေးကြသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ စားသောက်ရေးအဆင်ပြေစေရန် အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ဦးစီးဌာနက လှူဒါန်းသည့် ဆန်အိတ် ၅၀၀၊ ဆီ ပိဿာ ၁၀၀၀၊ ပဲ ပိဿာ ၆၀၀ နှင့် ဆား ပိဿာ ၅၀၀ တို့သည် ယနေ့တွင် သီပေါမြို့သို့ ထပ်မံရောက်ရှိခဲ့ပြီး အဆိုပါ စားသောက်ကုန်များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## တစ်ချက်တည်းကျင်းဝင်

မန္တလေး အောက်တိုဘာ ၁၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ၊ ရေတံခွန်တောင်ဂေါက်ကွင်းတွင် Pro Myo Win Aung Association PMA(ပထမ)အကြိမ်၊ သီတင်းကျွတ်ဖလား Tour Pro Senior Pro ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခဲ့ရာ အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီက Senior Pro ဦးဇော်လင်းသည် အတူကစားဖော်များဖြစ်ကြသော Senior Pro ဦးမင်းနိုင်၊ Senior Pro ဦးခင်ဇော်ဝင်းတို့နှင့်အတူ ဂေါက်ရိုက်ကစားရာ ၁၅၂ ကိုက်ကွာဝေးသော ကျင်းအမှတ်(၁၄)၌ Titleist-6 ဂေါက်သီးအား MARUMAN IRON-8 ဂေါက်တံဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသဖြင့် Senior Pro ဦးဇော်လင်းအား SWEETY HOME ကုမ္ပဏီမှ ဆုငွေကျပ် ငါးသိန်းတန်ကူပွန်၊ Myanmar Casual Wear ကုမ္ပဏီမှ ဂေါက်အိတ်တစ်လုံး၊ Eitai Myanmar လျှပ်စစ်လုပ်ငန်း ကုမ္ပဏီမှ ဆုငွေကျပ်ငါးသိန်းတိတိကို ချီးမြှင့်ခဲ့သည်။ (ကဆ)

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) အနိုင်၊ အရှုံး NGB | | | |
|---|---|---|---|
| အယ်လ်ချီ | ၀ - ၀ | ဘီလ်ဘာအို | |
| ဆဲလ်တာဗီဂို | ၁ - ၁ | ဆိုစီဒက် | |
| လီဗန်တေး | ၀ - ၃ | ဗယ်လက်ကာနို | |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇)အနိုင်၊ အရှုံး NGB | | | |
|---|---|---|---|
| ဖရိုင်းဘတ် | ၂ - ၂ | ဖရန့်ဖတ် | |
| စိန့်ပေါလီ | ၀ - ၃ | ဟော်ဖန်ဟိမ်း | |

| ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး NGB | | | |
|---|---|---|---|
| စပါး | ၁ - ၂ | ဗီလာ | |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇)အနိုင်၊ အရှုံး NGB | | | |
|---|---|---|---|
| ကိုမို | ၂ - ၀ | ဂျူဗင်တပ် | |
| ကယ်ဂလီယာရီ | ၀ - ၂ | ဘိုလော့ညာ | |
| ဂျီနိုအာ | ၀ - ၀ | ပါးမား | |
| အတ္တလန်တာ | ၀ - ၀ | လာဇီယို | |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး NGB | | | |
|---|---|---|---|
| လန်းစ် | ၂ - ၁ | ပါရီ | |
| လိုရီယန့် | ၃ - ၃ | ဘရက် | |
| ရင်းနက်စ် | ၂ - ၂ | အော်ဇေး | |
| တူးလော့ | ၄ - ၀ | မက်ဇ် | |

ပန်းမန်သစ်ပင်လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၆၉ ရက်

သာ လိုတော့သည်။

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ်(၆၈/၂၀၂၅)ဖြင့် လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ်(၆၉/၂၀၂၅)ဖြင့် လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့် ပြုသွားမည်ဖြစ်ကြောင်း။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၉
- (၂) ၀၆၃-၂၀၂၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လေးကေ့ကော်ဒေသရှိ စခန်းများအား ပြန်လည်သိမ်းပိုက်ရရှိ

✧ စာမျက်နှာ ၂၄ မှ

၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် မြန်မာ နယ်နိမိတ်အတွင်း၌ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ ခိုအောင်းမှုမရှိစေရေး၊ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက် မြန်မာဘက်ခြမ်းသို့ တရားမဝင်နိုင်ငံခြားသားများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ကာ တရားမဝင်အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှု နှိမ်နင်းရေးအတွက် လိုအပ်သည့်အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးများကို ဆက်လက် ဆောင်ရွက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် လက်ခတ်တောင်ဘုရားကုန်းနှင့် ပတ်ဝန်းကျင် ဒေသတစ်ပိုက်အား စက်တင်ဘာ ၉ ရက်တွင် လည်းကောင်း၊ ဂျပန်နိုင်ငံနီပွန်ဖောင်ဒေးရှင်းမှ ၂၀၁၅ ခုနှစ်တွင် ဒေသခံ တိုက်ပွဲရှောင်ပြည်သူများ အတွက် ဆောက်လုပ် ပေးထားသည့် လေးကေ့ကော် မြို့သစ်အား စစ်ကြောင်းများခွဲ၍ အဆင့်ဆင့် တိုက်ခိုက် သိမ်းပိုက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် အဆိုပါ လေးကေ့ကော်မြို့သစ်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါမြို့သစ်တွင် ယခင်ဆောက်လုပ်ပြီးကာစ ဒေသခံ တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများ နေထိုင်ကြသော်လည်း ၂၀၂၃ ခုနှစ် နောက်ပိုင်း အကြမ်းဖက် သောင်းကျန်းသူ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက အဆိုပါ ဒေသခံတိုင်းရင်းသားများကို မောင်းထုတ်လျက် အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ မိသားစုဝင်များ တရားမဝင် သိမ်းပိုက်ဝင်ရောက် နေထိုင်ခဲ့သည့် နေရာဖြစ်ကြောင်းလည်း သိရှိရသည်။ ထိုသို့ တိုက်ခိုက်သိမ်းပိုက်စဉ် မြန်မာ-ထိုင်း နယ်စပ်အနီးရှိ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် KK Park ကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း တပ်မတော်စစ်ကြောင်းများက ဝင်ရောက်ရှင်းလင်းခဲ့သည်။

တိုက်ပွဲစဉ် တစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ခြောက်ကြိမ်၊ တိုက်ပွဲငယ် ၅၂ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်း ၁၀ လောင်း၊




လက်နက်မျိုးစုံ ၁၆ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သလို KK Park အတွင်းမှ ထူးခြားလက္ခဏာ မတွေ့သော်လည်း တရားမဝင်ဆက်သွယ်မှု ဆောင်ရွက်ရန် ရည်ရွယ်တပ်ဆင်ထားသည့် Star Link စလောင်း အစုံ ၃၀ နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည့်အပြင် ဆောက်လုပ်ပြီး အဆောက်အအုံ တစ်ထပ်တိုက် ၁၀ လုံး၊ နှစ်ထပ်တိုက် စာမျက်နှာ ၉ သို့ ✧



တပ်မတော်စစ်ကြောင်းများက ရှွှေခင်းသာစခန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက လေးကေ့ကော်မြို့သစ်အား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား အကြမ်းဖက်သမားများက ဘန်ကာများ ပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။





KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ လက်ခတ်တောင်မှ ဆုတ်ခွာထွက်ပြေးစဉ် သာသနိက အဆောက်အအုံများအား ဖျက်ဆီးသွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





လေးကေ့ကော်မြို့သစ်ရှိ ဌာနဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ စာသင်ကျောင်းအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

✧ စာမျက်နှာ ၈ မှ

အလုံး ၁၀၀၊ လေးထပ်တိုက် အလုံး၂၀ နှင့် ငါးထပ်တိုက်နှစ်လုံး၊ တစ်ထပ်တိုက် ဈေးဆိုင်ခန်းအလုံး ၂၀၊ နှစ်ထပ်တိုက် ဈေးဆိုင်ခန်း အလုံး ၃၀၊ တစ်ထပ်တိုက် ဂိုဒေါင် ၁၅လုံး၊ နှစ်ထပ်တိုက် ဂိုဒေါင် အလုံး ၂၀၊ လေးထပ်တိုက်ဂိုဒေါင် ၁၀ လုံး၊ ဆောက်လုပ်ဆဲ နှစ်ထပ် တိုက် ၂၁ လုံး၊ သုံးထပ်တိုက် ၁၀ လုံး၊ လေးထပ်တိုက် ငါးလုံး၊ ငါးထပ်တိုက် ငါးလုံးနှင့် တစ်ထပ် တိုက် ဆေးပေးခန်း နှစ်ခန်းတို့ကို တွေ့ရှိခဲ့ပြီး အဆိုပါအဆောက်အအုံ များအတွင်းမှ အလုပ်သမား အမျိုးသား ၁၆၄၅ ဦး၊ အမျိုးသမီး ၄၅၅ ဦး၊ လုံခြုံရေး (ကျား) ၉၈ ဦး စုစုပေါင်း ၂၁၉၈ ဦးတို့အား တွေ့ရှိ ခဲ့သည်။

အဆိုပါ KK Park ဝင်းအတွင်းရှိ အဆောက်အအုံများ ဆောက်လုပ် ထားရှိမှု၊ မြေပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ တရားဝင်ခွင့်ပြုမိန့်၊ မြေပိုင်ဆိုင်ခွင့် အထောက်အထား၊ ဟိုတယ်နှင့် ခရီးသွားလာရေး၏ ဆောက်လုပ် ခွင့်၊ ခွင့်ပြုမိန့်များနှင့်ပတ်သက်၍ တရားဝင် စာရွက်စာတမ်းများ စစ်ဆေးတွေ့ရှိခြင်း မရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား ဆင့်ခေါ်ရာတွင်လည်း လာရောက် ခဲ့ခြင်းမရှိသည့်အတွက် လိုအပ် သည့် အရေးယူဆောင်ရွက်မှုများ ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ဆက်လက်တိုက်စစ် အရှိန်အဟုန်ဖြင့် စစ်ဆင်မှုပြုလုပ် ခဲ့ရာ ၂၀၂၄ ခုနှစ်က KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမား များထိန်းချုပ်ခဲ့သည့် ရွှခင်းသာ စခန်းအား အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း၊ ပွိုင့်- ၁၀၇၈ စွယ်တော် စခန်းကုန်းအား ယနေ့တွင် လည်းကောင်း အဆင့်ဆင့် သိမ်းပိုက်နိုင်ခဲ့ပြီး နယ်စပ်ဒေသ တစ်လျှောက်ရှိ အဓိက အချက်အချာကျသည့် နေရာများအား ပြန်လည်ထိန်းချုပ် နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် နယ်စပ် ဒေသတစ်လျှောက် တပ်မတော် စစ်ကြောင်းများက ဆက်လက် ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်



တပ်မတော် စစ်ကြောင်းများက လက်ခတ်တောင်အား သိမ်းပိုက်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။





မြဝတီမြို့နယ် KK park အတွင်းရှိ အဆောက်အအုံ အမိုးပေါ်၌တပ်ဆင်ထားသည့် တရားမဝင် Starlink များအား ဖြုတ်သိမ်းနေပုံ။






မြန်မာ- ထိုင်းနယ်စပ်ဒေသ မြဝတီမြို့နယ် KK Park အတွင်း တရားမဝင်တပ်ဆင်ထားသည့် Starlink များ ဖြုတ်သိမ်းမှု မှတ်တမ်း။



လေးကေ့ကော်မြို့သစ်ရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ အား အကြမ်းဖက်သမားများက ဘန်ကာများပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။




လေးကေ့ကော်မြို့သစ်ရှိ ဌာနဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက KK Park ဝင်းအတွင်း လိုအပ် သည့် စစ်ဆေးမှုများ ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံ။







တပ်မတော်စစ်ကြောင်းများက KK Park ဝင်းအတွင်း လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံ။



တပ်မတော် စစ်ကြောင်းများက လက်ခတ်တောင်အား သိမ်းပိုက်ရရှိ သည့် မှတ်တမ်းဓာတ်ပုံ။

တပ်မတော် စစ်ကြောင်းများက ရွှခင်းသာစခန်းအား သိမ်းပိုက်ရရှိခဲ့ သည့် မှတ်တမ်းဓာတ်ပုံ။



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်တရုတ်နိုင်ငံသား ၁၅ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုမှ ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၅ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၅၅၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးမြို့တွင်းသို့ Suicide Drone ဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်၊ အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် အောက်တိုဘာ ၁၉

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် အစွန်းရောက်နိုင်ငံရေးခံယူချက်များအတွက် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်နေကြသည့် ပြည်သူလူထုအား လက်နက်အားကိုးဖြင့် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းတို့ကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိကြရာ ယနေ့ နံနက်ပိုင်းတွင်လည်း ၎င်းတို့ထိန်းချုပ်မောင်းနှင်ပြီး အကြောင်းမဲ့ပစ်ခတ်ခဲ့သည့် Suicide Drone ကျရောက် ပေါက်ကွဲမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဒေသခံပြည်သူအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် Suicide Drone တစ်စင်းကို ကလေးမြို့၏ အနောက်တောင်ဘက် မီတာ ၈၀၀၀ ခန့်အကွာ နဂါးဗွက်ကျေးရွာအနီးမှ လွှတ်တင်၍ စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူများ နေထိုင်လျက်ရှိသည့် ကလေးမြို့အတွင်းသို့ အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ပင်လုံရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ အဆိုပါပေါက်ကွဲမှုကြောင့် ဦးထန်ရှန်းခိုင် ၃၄ နှစ် နှင့် ဒေါ်ပန်ကီး ၅၀ နှစ်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ၎င်းတို့အား ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ အများပြည်သူအေးချမ်းစွာနေထိုင်လျက်ရှိသည့် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများအား အကြမ်းဖက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေမှုတို့ကို ဒေသခံပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် Suicide Drone တစ်စင်း၏ ဗုံးသီးအပိုင်းအစမှတ်တမ်းဓာတ်ပုံများ။





PDF အမည်ခံ အကြမ်းဖက်သမားများ၏ Suicide Drone ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Tun Wa” TikTok အကောင့်နှင့် “မိနန်း” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပဲခူးမြို့ ဖိုင်းဂနိုင်(တောင်)ရပ်ကွက်နေ အေးမင်းဦး (ခ) ဂျာမားအား ည ၈ နာရီခွဲတွင် လည်းကောင်း၊ “Aung Too” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် သူဌေးကုန်းကျေးရွာနေ အောင်သူအား အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




## နည်းပြ ပိုစတီကိုဂလူးကို နည်းပြရာထူးမှ နော်တင်ဟမ်ဖောရက်စ်အသင်း ထုတ်ပယ်

**လန်ဒန် အောက်တိုဘာ ၁၉**

နော်တင်ဟမ်ဖောရက်စ် အသင်းသည် ချဲလ်ဆီးအသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် ချက်ချင်းပင် နည်းပြ ပိုစတီကိုဂလူးကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့သည်။

နည်းပြ ပိုစတီကိုဂလူးသည် နော်တင်ဟမ်ဖောရက်စ်အသင်းအား ၂၀၂၅ခုနှစ် စက်တင်ဘာ ၉ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ရှစ်ပွဲတွင် တစ်ပွဲမျှ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။



အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက်တွင် အချိန်အတိုဆုံးကိုင်တွယ်ကာ ထုတ်ပယ်ခံရသည့် နည်းပြအဖြစ် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။ **(အောက်ဝဲပုံ)**

နော်တင်ဟမ်ဖောရက်စ် အသင်းထုတ်ပြန်ချက်တွင် "နည်းပြ ပိုစတီကိုဂလူးကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်ထားသည်။ **(NGB)**



## ဟာလန်း ပြိုင်ပွဲစုံ ၁၁ ပွဲဆက် ဂိုးသွင်းယူနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်

**လန်ဒန် အောက်တိုဘာ ၁၉**

နော်ဝေလက်ရွေးစင်အသင်းနှင့် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းသည် ပြိုင်ပွဲစုံ ၁၁ပွဲဆက် ဂိုးသွင်းယူနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုးစလုံး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

တိုက်စစ်မှူး ဟာလန်းသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၆ ပွဲ ကစားပြီး ၁၃၈ ဂိုးအထိ သွင်းယူထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဟာလန်းက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို စံချိန်တွေအပြင် အသင်းနဲ့အတူ ပရီးမီးယားလိဂ်ချန်ပီယံဆုကြီး ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## တာဗာရက်စ်ကို ခေါ်ယူရန် ချဲလ်ဆီးအသင်း စီစဉ်

**လန်ဒန် အောက်တိုဘာ ၁၉**

ချဲလ်ဆီးအသင်းသည် လာဇီယိုအသင်း နောက်ခံကစားသမား တာဗာရက်စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။



အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လာဇီယိုအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆ပွဲကစားကာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လာဇီယိုအသင်းကလည်း နောက်ခံကစားသမား တာဗာရက်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့်ချဲလ်ဆီးအသင်း အနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် လာဇီယို အသင်းထံမှ တာဗာရက်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)** **(NGB)**

## ဖေဘီယိုဘိုရီနီကို ဆဲလ်ဖို့ဒ်အသင်း ခေါ်ယူ

**လန်ဒန် အောက်တိုဘာ ၁၉**

ဆဲလ်ဖို့ဒ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော လီဗာပူးအသင်းနှင့် ဆန်းဒါးလန်းအသင်း တိုက်စစ်မှူးဟောင်း ဖေဘီယိုဘိုရီနီကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် လီဗာပူး၊ ဆန်းဒါးလန်း၊ အေစီမီလန်၊ ဗီရိုနာ၊ ဆမ်ဒိုးရီးယား၊ ဆွမ်ဆီးစသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆဲလ်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက်(၃၄)နှစ်အရွယ်ရှိ ဖေဘီယိုဘိုရီနီက "ကျွန်တော် ဆဲလ်ဖို့ဒ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)** **(NGB)**

## ပူလီဆစ်သည် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည်

**မီလန် အောက်တိုဘာ ၁၉**

အမေရိကန်လက်ရွေးစင်အသင်းနှင့် အေစီမီလန်အသင်း တောင်ပံကစားသမား ပူလီဆစ်သည် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အမေရိကန်လက်ရွေးစင်အသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



တောင်ပံကစားသမား ပူလီဆစ်သည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ယခုရက်ပိုင်းအတွင်း ပွဲစဉ်များ ဆက်တိုက် ယှဉ်ပြိုင်ကစားရန်ရှိသည့် အေစီမီလန်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ **(ဝဲပုံ)**

အသက်(၂၇)နှစ်အရွယ်ရှိ ပူလီဆစ်သည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ ပွဲကစားကာ ၃၈ ဂိုးအထိ သွင်းယူထားသည်။ **(NGB)**

## ဆန်ဒရိုတိုနာလီကို စာချုပ်သက်တမ်းတိုးရန် နယူးကာဆယ်အသင်း စီစဉ်

**လန်ဒန် အောက်တိုဘာ ၁၉**

နယူးကာဆယ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ဆန်ဒရိုတိုနာလီကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် နယူးကာဆယ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဆန်ဒရိုတိုနာလီသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ ပွဲ ကစားပြီး ခုနစ်ဂိုး သွင်းယူထားသည်။

နယူးကာဆယ်အသင်း ထုတ်ပြန်ချက်တွင် "ဆန်ဒရိုတိုနာလီကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်ထားသည်။ **(NGB)**

## 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲအဆင့်သို့ Ugo Humbert တက်ရောက်

**လန်ဒန် အောက်တိုဘာ ၁၉**

ဆွီဒင်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert တက်ရောက်ခဲ့သည်။



အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert သည် 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဒိန်းမတ်တင်းနစ်ကစားသမား Holger Rune ကို ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert နှင့် နော်ဝေတင်းနစ်ကစားသမား Casper Ruud တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(ဝဲပုံ)** **(NGB)**

### အင်္ဂလိပ် ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၁၀-၂၀၂၅ | (၁၉)ဝက်စ်ဟမ်း - ဘရန့်ဖို့ဒ်(၁၆) | ဝက်စ်ဟမ်း ၀-၁ ဘရန့်ဖို့ဒ် | ဝက်စ်ဟမ်း(အိမ်) | ၃ | - | - | ၃ | ၂ | ၁၀ |
| နံနက်၀၁:၃၀နာရီ | (W,L,L,D,L) (L,D,L,W,L) | ဘရန့်ဖို့ဒ် ၁-၁ ဝက်စ်ဟမ်း | ဘရန့်ဖို့ဒ်(ဧည့်) | ၃ | - | - | ၃ | ၃ | ၈ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၁၀-၂၀၂၅ | (၁၀)ခရီမိုနီ - အူဒီးနီးစ်(၁၂) | ခရီမိုနီ ၀-၀ အူဒီးနီးစ် | ခရီမိုနီ(အိမ်) | ၂ | ၁ | ၁ | - | ၃ | ၂ |
| နံနက်၀၁:၁၅နာရီ | (D,L,D,L) (L,W,L,L) | အူဒီးနီးစ် ၃-၀ ခရီမိုနီ | အူဒီးနီးစ်(ဧည့်) | ၃ | ၂ | - | ၁ | ၄ | ၄ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၁၀-၂၀၂၅ | (၁၀)အလာဗက်စ် - ဗလင်စီယာ(၁၅) | အလာဗက်စ် ၁-၀ ဗလင်စီယာ | အလာဗက်စ်(အိမ်) | ၄ | ၂ | ၁ | ၁ | ၇ | ၅ |
| နံနက်၀၁:၃၀နာရီ | (W,L,D,L,W) (L,W,D,L,L) | ဗလင်စီယာ ၂-၂ အလာဗက်စ် | ဗလင်စီယာ(ဧည့်) | ၄ | - | ၁ | ၃ | ၃ | ၁၁ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၁၀-၂၀၂၅ တနင်္လာနေ့ | ညနေ ၃:၃၀ နာရီ | (၁၁) ရာမညာ - ရတနာပုံ (၅) (L,L,D,L,L) (-,L,D,W) | ရာမညာ ၂-၆ ရတနာပုံ (၃၀-၄-၂၀၂၅ လိဂ်ဖလား) |
| ။ | ညနေ ၄:၀၀ နာရီ | (၆) သစ္စာအားမာန် - ရှိုင် (၁၂) (L,D,L,W,W) (L,L,L,L,L) | သစ္စာအားမာန် ၁-၃ ရှိုင် / ရှိုင် ၀-၆ သစ္စာအားမာန် |

# ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် တိုင်းဒေသကြီး၊ ပြည်နယ် ဒုတိယအဆင့်ရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညှိခံပွဲအခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၁၉**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် တိုင်းဒေသကြီး၊ ပြည်နယ် ဒုတိယအဆင့်ရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့်ညှိခံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ဗဟိုအဆင့်ပြိုင်ပွဲများ၌ အရည်အချင်းပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြိုင်ပွဲဝင်များအား စခန်းသွင်းလေ့ကျင့်မှု၊ အကဲဖြတ်ပညာရှင်များ၏ စနစ်တကျသင်ကြားပြသလေ့ကျင့်ပေးမှု၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၏ ကြိုးစားအားထုတ်မှု၊ ပြိုင်ပွဲဝင်ကာလတစ်လျှောက် လိုအပ်ချက်များကို အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့မှုများကြောင့် အောင်မြင်မှုများစွာရရှိခဲ့သည့်အတွက် ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်နယ်ပယ်အသီးသီးတွင် ပြိုင်ပွဲနေရာ ၇၉ နေရာ၌ ပြိုင်ပွဲဝင်စုစုပေါင်း ၁၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ် ၁၃ ဆု၊ ငွေတံဆိပ် ၂၃ ဆု၊ ကြေးတံဆိပ် ၁၁ ဆု၊ အထူးဆု ၁ ဆု စုစုပေါင်း ဆုတံဆိပ် ၄၈ ဆုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒုတိယအဆင့်ရရှိခဲ့ပါကြောင်း၊ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများမှတစ်ဆင့် တင့်တယ်စွာ ဆက်လက်ဖွံ့ဖြိုးနေစေရန်၊ အနုပညာသုခုမပညာရပ်များ တိုးတက်မြင့်မားသည့် အစဉ်အလာကောင်းများ ဆက်လက်ရှင်သန်နေစေရန် အနုပညာစွမ်းပကားနှင့်ယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းကာ ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူးဦးအောင်ဆန်းဦးက ပြိုင်ပွဲယှဉ်ပြိုင်ခဲ့မှု အတွေ့အကြုံများနှင့်



ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ၊ ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသူများနှင့် အကဲဖြတ်ပညာရှင်ဒိုင်များအား ဂုဏ်ပြုငွေများချီးမြှင့်ပေးခဲ့သည်။

ငင်းနောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ဆုရရှိခဲ့သူများကိုယ်စား အောင်နိုင်ရေးဆပ်ကော်မတီအဖွဲ့ဝင် ဒေါ်သင်းပျံ့ကြူ (မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း)က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဂုဏ်ပြုညှိခံပွဲအခမ်းအနား၌ ဆုရရှိခဲ့သူများမှ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့်ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းညှိခံခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## မြစ်သားမြို့နယ်တွင် မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြီး ကင်းတားရေလှောင်တမံအတွင်း ရေဝင်ရောက်မှုများပြား

**မြစ်သား အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကံဆည်ကျေးရွာအုပ်စုအနီးရှိ ကင်းတားရေလှောင်တမံအား ယမန်နေ့ မွန်းလွဲပိုင်း၏တိုင်းထွာချက်အရ လက်ရှိ ရေပမာဏ ၈၆၁၉၈၀ ဧကပေရှိပြီး ရေအမှတ်(အမြင့်ပေ) ၆၇၉ ဒသမ ဝ၇ ပေ ရှိကြောင်း သိရသည်။

ကင်းတားရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ၈၇၃၅၈၀ ဧက၊ ပေဖြစ်ပြီး ရေထပ်မံသိုလှောင်နိုင်မည့် ဧကပေ ၁၁၆၀၀ ကျန်ရှိကာရေပြည့်အမှတ် (အမြင့်ပေ) ၆၈၀ ပေဖြစ်၍ ကင်းတားရေလှောင်တမံအတွင်း ရေထပ်မံသိုလှောင်နိုင်မှု ရေအမှတ် (အမြင့်ပေ) ဝ ဒသမ ၉၃ပေ ကျန်ရှိကြောင်း သိရသည်။

မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြီး ကင်းတားရေလှောင်တမံအတွင်းသို့ ရေဝင်ရောက်မှု များပြားလာသောကြောင့် လှောင်ရေကြိုတင်လျှော့ချရန် လိုအပ်သည့်အတွက် ရေတံခါးအမှတ် ၁ နှင့် ၄ အား ၁ ပေစီ ဖွင့်လှစ်ထားကြောင်း သိရသည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)နှင့် ဝန်ထမ်းများက ကင်းတားဆည်တမံကြံ့ခိုင်မှုအခြေအနေ၊ ပန်းလောင်မြစ်ကြောင်းတစ်လျှောက် မိုးရွာသွန်းမှု အခြေအနေအရ ရေပိုလွှဲတံခါးများအား ထိန်းညှိဆောင်ရွက်ခြင်းနှင့် ကင်းတားဆည်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများအား နေ့ညမပြတ်စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

ဝ-ဝ-ဝ-ဝ-ဝ

## သပြေရေ-အင်းယားကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပြင်ဦးလွင် အောက်တိုဘာလ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၇ ဒသမ ၁၇၅ သန်းဖြင့် သပြေရေ-အင်းယားလမ်း အရှည် ပေ ၁၃၂၀၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်မင်းမင်းမြင့်က ကွင်းဆင်းစစ်ဆေးပြီး လမ်းအောင်ဝံ့ယာ ရေစီးရေလာကောင်းမွန်စေရေးအတွက် စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် အကျိုးပြုကျေးရွာနှစ်ရွာ၊ အိမ်ခြေ ၅၃၁ အိမ်၊ လူဦးရေ ၂၄၅၃ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆိုင်ရာကိစ္စရပ်များနှင့် ကျေးလက် ထုတ်ကုန်များ အမြန်အလျင်ရောင်းဝယ်ဖောက်ကားရေးတို့တွင်များစွာ အကျိုးပြုမည်ဖြစ်ကြောင်းသိရသည်။

**အောင်ရဲကျော်**

ဝ-ဝ-ဝ-ဝ-ဝ

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

## လျှပ်ပြန်လည်ထူထောင်ရေးအတွက် ချေးငွေလျှောက်ထားနိုင်

**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေး ငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများတွင် ပြန်လည်ထူထောင်ရေး အစီအစဉ်များအတွက် ချေးငွေတွေ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်တိုဘာ ၁၇ ရက်က အသိပေးကြေညာထားသည်။

အဆိုပါ ပြန်လည်ထူထောင်ရေးအစီအစဉ်များအတွက် နိုင်ငံတော်မှ ထည့်ဝင်ပံ့ပိုးသည့် ရန်ပုံငွေဖြင့် ၃ နှစ်မှ ၅ နှစ်အထိ သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးသွားမည်ဟု ဆိုသည်။

ဗဟိုဘဏ်အနေဖြင့် ပြန်လည်ထူထောင်ရေးအတွက် ကနဦး မ,တည်ရန်ပုံငွေကျပ် ၇၀၀ ဘီလီယံလျာထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၅၀၀ ဘီလီယံနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဈေးကွက်တည်ငြိမ်ရေး ရန်ပုံငွေမှငွေကျပ် ၂၀၀ ဘီလီယံ ထည့်ဝင်ထားသည်။

ချေးငွေအတိုးနှုန်းများမှာ နေအိမ်နှင့် အဆောက်အအုံများပြန်လည်တည်ဆောက်ရေးအတွက် ၃ ရာခိုင်နှုန်း၊ MSME လုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ်ရင်းနှီးငွေ၊ စက်ပစ္စည်း၊ ရေ၊ မီး၊ ဆိုလာနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ၅ ရာခိုင်နှုန်း၊ စက်ရုံလုပ်ငန်းများ ပြန်လည်ပြုပြင်ရေးနှင့် လည်ပတ်နိုင်ရေးအတွက် ၇ ရာခိုင်နှုန်း၊ နိုင်ငံပိုင်အခြေခံအဆောက်အအုံများ တာဝန်ယူတည်ဆောက်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများအတွက် ယာယီချေးငွေအတိုးနှုန်း ၇ ရာခိုင်နှုန်း သတ်မှတ်ထားသည်။

ဗဟိုဘဏ်ဦးဆောင်သော ချေးငွေအစီအစဉ်တွင် AYA ဘဏ်၊ UAB ဘဏ်၊ CB ဘဏ်၊ MCB ဘဏ်၊ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ အင်းဝဘဏ်၊ Best Merchant နှင့် Zega Finance တို့ကို ချေးငွေဆိုင်ရာစံပြုလုပ်ငန်းစဉ် (SOP) နှင့်အညီ ရွေးချယ်ထားရာ ချေးငွေလျှောက်ထားနိုင်သည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့မြောက်ပိုင်း) ဒေသများတွင် နေ အိမ်များ၊ စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပံ့ပိုးကူညီခြင်းဖြစ်သည်။

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင်(၄၈) ကီလိုမီတာ ထက်ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် ၅၀မိုင်(၈၀)ကီလိုမီတာ ထက်ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ် အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## ညောင်ရွှေမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ လင်းကင်းကျေးရွာအုပ်စုအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက လင်းကင်းကျေးရွာအုပ်စု ကန်ရွာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာလင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက နယ်မြေလုံခြုံရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ သစ်တောသစ်ပင်များထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆောင်ရွက်ပေးမည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၃၆၈)

၀-၀-၀-၀-၀



## ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်း တတိယစက်ဝန်း လည်ပတ်လျက်ရှိ

**သာစည် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ကျေးလက်နေအိမ်ထောင်စုများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF)စီမံကိန်းတတိယစက်ဝန်း လည်ပတ်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မြသက်ဝင်းထံက သိရသည်။

အဆိုပါစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ စတင်ခဲ့ပြီး နိုင်ငံတော်က ထောက်ပံ့ပေးသော စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀၊ ငွေကျပ်တစ်ရာလျှင် အတိုးနှုန်းပြား ၅၀နှင့် ကျေးရွာအစုအဖွဲ့က ထည့်ဝင်ငွေကျပ်သိန်း ၁၀၀၊ စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။

စီမံကိန်းလုပ်ငန်းများမှာ ဆိတ်မွေးမြူရေးနှင့် နွားမွေးမြူရေးလုပ်ငန်းတို့ဖြစ်ပြီး ဆိတ်မွေးမြူရေးလုပ်ငန်း၌ အဖွဲ့တစ်ဖွဲ့လျှင် အသင်းသား၊ အသင်းသူ ၁၅ ဦးရှိပြီး ရန်ပုံငွေကျပ် ၇၅ သိန်းနှင့် အသင်းသား၊ အသင်းသူထည့်ဝင်ငွေကျပ် ၂၅ သိန်းဖြင့် အဖွဲ့နှစ်ဖွဲ့၊ နွားမွေးမြူရေးလုပ်ငန်း၌ အဖွဲ့တစ်ဖွဲ့လျှင် အသင်းသား၊ အသင်းသူ ၁၀ ဦးရှိပြီး ရန်ပုံငွေကျပ် ၇၅ သိန်းနှင့် အသင်းသား၊ အသင်းသူထည့်ဝင်ငွေကျပ် ၂၅ သိန်းဖြင့် အဖွဲ့နှစ်ဖွဲ့ စုစုပေါင်းအဖွဲ့လေးဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ဆိတ်မွေးမြူရေးလုပ်ငန်းကို တစ်နှစ်လျှင် စက်ဝန်းတစ်ကြိမ် သတ်မှတ်ပြီး နွားမွေးမြူရေးလုပ်ငန်းကို သုံးနှစ်တစ်ကြိမ် စက်ဝန်းသတ်မှတ်၍ မွေးမြူဆောင်ရွက်လျက်ရှိသည်။

ဆိတ်မွေးမြူရေးလုပ်ငန်းမှ အကျိုးအမြတ်အနေဖြင့် ပထမစက်ဝန်းတွင် ငွေကျပ် ၅၃၇၀၀၀၀ နှင့် ဒုတိယစက်ဝန်းတွင် ငွေကျပ် ၉၅၆၀၀၀၀တို့ရရှိခဲ့သည်။ စီမံကိန်းကာလ သုံးနှစ်ပြည့်ချိန်တွင် ရရှိလာသည့် အကျိုးအမြတ်များကို အသင်းသား၊ အသင်းသူများ ခံစားရမည်ဖြစ်ကြောင်းသိရပြီး မူလမတည်ငွေကို အခြားအသက်မွေးဝမ်းကြောင်းအဖွဲ့(သို့မဟုတ်) အခြားကျေးရွာ (သို့မဟုတ်) အခြားမြို့နယ်သို့ ပြောင်းရွှေ့ဆောင်ရွက်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် ရရှိသောအတိုးငွေအား နောက်စက်ဝန်းတွင် ထပ်ပေါင်းရင်းနှီးနိုင်ရန် ပြန်လည်ထုတ်ချေးပေးနိုင်သကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း အများသဘောတူညီမှုဖြင့် ဆောင်ရွက်နိုင်ကြောင်းသိရသည်။

(၄၈၇)

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ ပြည်လည်းလှ ။**

## ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV Vaccine) နှင့် ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ အသက်ကိုးနှစ်မှ ၁၀ နှစ်အတွင်း ကျောင်းသူများကို သားအိမ်ခေါင်းကင်ဆာရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV Vaccine)နှင့် ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက သားအိမ်ခေါင်းကင်ဆာရောဂါလက္ခဏာများ၊ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားပါက နောက်ဆက်တွဲဖြစ်ပွားနိုင်သည့် ရောဂါလက္ခဏာများ၊ HPV ပိုးကူးစက်ခံရပြီး သားအိမ်ခေါင်းကင်ဆာဖြစ်ပွားနိုင်သည့် အချိန်ကာလများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကျောင်းသူများအား အသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက အသက်ကိုးနှစ်မှ ၁၀ နှစ်အတွင်း ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးကာ KG ကျောင်းသား၊ ကျောင်းသူများအား ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## မိုးသီးနှံမျိုးစုံ မျိုးကွဲများအလိုက် ၉၈၅၄၁ ဧက စိုက်ပျိုး

**ကျောက်ဆည် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံမျိုးစုံ စိုက်ပျိုးထားရှိရာ မျိုးကွဲများအလိုက် ၉၈၅၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

သီးနှံမျိုးစုံစိုက်ပျိုးရာ၌ မိုးစပါး ၅၂၃၃၄ ဧက၊ ဆီထွက်သီးနှံများဖြစ်သည့် ဆင်းပဒေသာမြေပဲ ၃၀၀ ဧက၊ ဆင်းရတနာ-၄ နှမ်း ၃၇၆၀ ဧက၊ ဆင်းရွှေကြာ-၂ နေကြာ ၂၆၈၇ ဧက၊ ရေဆင်း-၁ နေကြာ ၄၈၀ ဧက၊ ရေဆင်း-၁၁ ပဲတီစိမ်း ၉၃၅၆ ဧက၊ တစ်လပဲ ၆၇၇၃ ဧက၊ ရွှေဒင်္ဂါးပဲစင်းငုံ ၉၄၀ ဧက၊ ဒီမွန်ငရုတ်မျိုး ၉၃၅ ဧက၊ စပ်မိုးငရုတ်မျိုး ၆၈၀ ဧက၊ ခရမ်းချဉ် ၂၃၂ ဧက၊ ရုံးပတီ ၃၆၅ ဧက၊ အခြားသီးနှံများဖြစ်သည့် ချဉ်ပေါင်၊ နံနံ၊ ကာလတိုသီးနှံ ၁၈၁၅ ဧက၊ နံစားပြောင်း ၂၉၉၄ ဧက၊ ဖူးစားပြောင်း ၁၆၉၁ ဧက၊ ကျွဲ၊ နွားစာ ၉၃၃၂ ဧက၊ နနွင်း ၉၉၃ ဧက၊ ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ ၆၂၀ ဧက၊ ရွှေတောင်(၁၀) ချည်မျှင်ရှည်ဝါ ၈၀၂ ဧက၊ B-31 ချည်မျှင်ရှည်ဝါ ၆၅၅ ဧက၊ Raka ချည်မျှင်ရှည်ဝါ ၈၅၇ ဧက၊ စုစုပေါင်း ၉၈၅၄၁ ဧက စိုက်ပျိုးထားသည်။

(အောက်ပုံ)

မိုးသီးနှံများ စိုက်ပျိုးရာ၌ နေရာဒေသအလိုက် ဆည်ရေ၊ မိုးရေ၊ မြေအောက်ရေများ အသုံးပြု၍ စိုက်ပျိုးကြကြောင်းနှင့် သီးနှံများအောင်မြင်ဖြစ်ထွန်းရေး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက စိုက်နည်းစနစ်များ၊ မျိုးစေ့များ၊ စိုက်ပျိုးရေ ပြည့်ဝစွာ ပေးဝေနိုင်ရေး တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၈၅)



ဝတ္ထုတိုကဏ္ဍ

# လုံ မလုံတော့ မသိပါ

နှိုင်ဗလ



ဘုန်းကြီးကျောင်းမှ တုံးခေါက်သံကြားတာနဲ့ထ၍ မျက်နှာသစ်၊ သွားတိုက်၊ ခြေလက်ဆေးပြီး ရေတစ်ခွက်သောက်လိုက်တယ်။ ညကတည်းက အသင့်ပြင်ထားသော ထမင်းပေါင်းအိုးကို မီးခလုတ်ဖွင့်၊ ဘုရားစင်က သောက်တော်ရေအဟောင်းကိုစွန့်ပြီး သောက်တော်ရေ အသစ်လဲ၊ ဘုရားရှိခိုးပြီး အိမ်ရှေ့တံခါးမကြီးမှ အပြင်ထွက်ပြီး အိမ်ရှေ့မှာ တံမြက်စည်း လှည်းရမယ်။ တံခါးမကြီး မဖွင့်ခင် အိမ်ရှေ့မှ ချီးချီးချွတ်ချွတ်အသံကြားရလို့ ရပ်ပြီး နားစိုက်ထောင်မိတယ်။ ခဏအသံကြားပြီး ဖိနပ်သံတရှပ်ရှပ်ကိုလည်း ကြားရတယ်။ အသံပျောက်မှ တံခါးကို သတိဖြင့် ဖွင့်ကြည့်တယ်။ အပြင်တွင် ဘာမှမရှိ။ တံမြက်စည်းကြမ်းကိုယူ၍ လမ်းပေါ်သို့ ထွက်လိုက်တယ်။ တစ်အိမ်ကျော် လမ်းမပေါ်မှာ ဆာလာအိတ်ကို ပခုံးမှာထမ်းရင်း တုတ်တစ်ချောင်းကိုင်ထားတဲ့ ၁၄-၁၅ နှစ်ခန့် အရွယ် ကောင်လေးတစ်ယောက် လှည့်ကြည့်၊ လှည့်ကြည့်နဲ့ ခပ်သွက်သွက်ထွက်သွားတာကို မြင်လိုက်ရတယ်။ အိမ်ရှေ့က အမှိုက်တောင်းကို ကြည့်လိုက်မိတယ်။ အမှိုက်ကိုမွှေထားပေမယ့် ပွနေအောင်လုပ်မထား၊ တော်သေးသည်။ အမှိုက်တောင်း ဖွသွားလျှင် ကိုယ်ပဲသိမ်းရမှာ။

အရပ်အစ ဘဂဝါအဆုံး ဂုဏ်တော်တွေကို စိတ်ကရွတ်ပွားရင်း အိမ်ရှေ့လမ်းမမှ အမှိုက်သရိုက်များကို လှည်းကျင်းသိမ်းဆည်းတယ်။ မကြာခင် ဆွမ်းခံကြွသောကိုယ်တော်တွေ ရောက်လာကြတော့မှာ။ လမ်းမပေါ် သန့်ရှင်းအေးမြနေစေဖို့ တံမြက်လှည်းပြီး ရေဖျန်းထားပေးတာက နိစ္စဓူဝအလုပ်၊ ပြီးတာနှင့် အိမ်တံခါးအသာစေ့၊ ခြံတံခါးချိတ်ပြီးသည်နှင့် ရွာထိပ်ဘက် လမ်းလျှောက်ထွက်ခဲ့တယ်။ တစ်ဖက်လမ်းတွင် စောစောက ပလုံကောက်တဲ့ကောင်လေးက အမှိုက်တောင်းအချို့ကို ရှာဖွေရင်းသွားနေသည်ကို တွေ့ရတယ်။ ကိုဖက်တီးရဲ့လက်ဖက်ရည်ဆိုင်သို့ ရောက်တော့ လူလေးငါးဦးလောက် ရောက်နေပြီကို တွေ့ရတယ်။ များသောအားဖြင့် ကိုယ်က အစောဆုံး ရောက်တတ်တာ။

လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်တာနဲ့

‘လာဗျို့ ကျောင်းဆရာ တစ်ယောက်ထဲလား။ ကျွန်တော်နဲ့လာထိုင်လေ စကားပြောရတာပေါ့’ ဟု ဓမ္မာရုံအနီးက ကိုကျော်က ဖိတ်မန္တက ပြုလာတယ်။

‘ဟုတ်ကဲ့ ထိုင်တာပေါ့ဗျာ’ဟု ပြောပြောဆိုဆို ထိုင်လိုက်တယ်။

‘ပုံမှန်တစ်ခွက်နဲ့ ပဲနံပြားပေး’ ဟု စားပွဲထိုးကောင်လေးကို လှမ်းမှာရင်း ရေနွေးကြမ်းပန်းကန်ထဲ ရေနွေးကြမ်းငှဲ့ပြီး အအေးခံထားတာပေါ့’

‘ကျောင်းဆရာရေ၊ ခုတလော ရပ်ကွက်ထဲမှာ သူခိုးသောင်းကြမ်းနေတယ်ဗျ။ နှစ်ပတ်အတွင်း လေးကြိမ် ရှိပြီ။ ရေမော်တာ၊ အဝတ်အစား၊ စက်ဘီးနဲ့ လှမ်းထားတဲ့အဝတ်အစားတွေပါ ခိုးသွားသဗျ···· သတိထားဦး’လို့ ကိုကျော်က သတိပေးတယ်။

‘အေးဗျ၊ ကျုပ်က လက်ဖက်ရည်ဆိုင်ကိုလာရင် အမြဲပဲ အိမ်တံခါး၊ ဝင်းတံခါးတွေ စေ့ရုံစေ့ထားခဲ့တာဗျ။ အိမ်က မိသားစုတွေက ညပိုင်းစာကျက်တဲ့သူ၊ အလုပ်လုပ်တဲ့သူတွေဆိုတော့ ကျုပ် လို့ စောစောမထနိုင်ကြဘူး။’

‘သတိလည်း ထားဦးဗျ။ အိမ်ထဲဝင်မွှေသွားဦးမယ်’

‘ဟုတ်ကဲ့ ကိုကျော်။ သတိထားပါ့မယ်။ ခုလည်း ပြန်မှဖြစ်မယ်။ နောက်ဆို တံခါးသော့ပိတ်ပြီး ထွက်ရမယ်ဗျို့’လို့ ပြောပြီး အိမ်ပြန်ခဲ့တယ်။ အိမ်ရောက်တော့ မသင်္ကာစိတ်နဲ့ စစ်ဆေးကြည့်မိတယ်။ တော်သေးတယ်။ ဘာမှမပျောက်မှ ····

နံနက် ၄ နာရီလောက်က တွေ့မိတဲ့အမှိုက်ကောက်သည့်ကလေးကို တွေးမိတယ်။ ခပ်သုတ်သုတ်သွားဟန်၊ ကိုယ်ထွက်လာတော့ လှည့်ကြည့်လှည့်ကြည့်ဖြင့် စိုးရိမ်သောမျက်နှာဟန် အမူအရာတွေကို သတိထားမိတယ်။ စိတ်ထဲမှာ ပလုံကောက်သည့်ကလေးကို မသင်္ကာဖြစ်မိတယ်။ နောက်နေ့ ဂရုစိုက်ပြီး ကြည့်ရမယ်လို့ တေးထားလိုက်တယ်။

အဲ့ဒီနေ့မှစပြီး ဂရုတစိုက်ကြည့်မိတယ်။ တစ်ခါတလေ စောထပြီး မှောင်ရိပ်ကနေ စောင့်ကြည့်တယ်။ ဟိုကြည့်သည်ကြည့်ဖြင့် သွက်သွက်လက်လက် အမှိုက်ခြင်း၊ အမှိုက်ပုံး ဖွတာကိုသာ မြင်မိတယ်။ လူမလစ်သေးလို့လားဟု တွေးမိတာပေါ့။ တစ်ခါတစ်ရံ မှောင်ရိပ်က စောင့်ကြည့်ရင်း ကောင်လေးအနားရောက်လာမှ ရုတ်တရက် ထွက်လိုက်ရင်း ထိတ်လန့်စိုးရွံ့စွာဖြင့်ကြည့်ပြီး သုတ်သုတ်သုတ်သုတ် သွားတတ်တယ်။

လက်ဖက်ရည်ဆိုင်မှာ ကိုကျော်နှင့်တွေ့ပြီး ‘ကိုကျော်ရေ ခင်ဗျားပြောလို့ ကျုပ် နံနက်စောစောထပြီး ပတ်ဝန်းကျင်ကို သတိထားပြီး စောင့်ကြည့်မိတယ်ဗျ··· မသင်္ကာစရာဆိုလို့ ပလုံကောက်တဲ့ကလေးတစ်ယောက်ပဲ တွေ့မိတယ်။ ခင်ဗျားတို့လည်း ဂရုစိုက်ကြ’ဟု ပြောမိတယ်။ ဘေးစားပွဲတွင် ဆေးလိပ်သောက်ရင်း၊ လက်ဖက်ရည်သောက်ရင်း တိတ်ဆိတ်စွာ ထိုင်နေတတ်သော မောင်နီက

‘ကျွန်တော်လည်း အမြဲ စောစောထပြီး ကြည့်နေတာပါဗျ၊ ပလုံကောက်တဲ့သူပဲ အမြဲတွေ့တယ်’ ဟု ဝင်ပြောလာတယ်။

‘အေး ဖိုးသားရေ၊ မင်းတို့လူငယ်တွေလည်း ဝိုင်းဝန်းစောင့်ရှောက်မှ ရပ်ရွာသာယာမှာ’ဟု ပြောခဲ့သေးတယ်။

မောင်နီက ရွာလယ်က မုဆိုးဖို ဦးတာ၏သားပေါ့။ စာမေးပွဲ ခဏခဏကျလို့ ကျောင်းမတက်တော့တာ။ အရက်မသောက်၊ ဆေးလိပ်ကတော့ လက်ကမချ သောက်တယ်။ ပတ်ဝန်းကျင်နှင့် ဆက်ဆံမှု နည်းတယ်။ လူက ထုံထိုင်းထိုင်းနေတတ်တယ်။ အပေါင်းအသင်းလည်း များများမရှိ····။

ပလုံကောက်တဲ့ ကောင်လေးအကြောင်း စုံစမ်းကြည့်တဲ့အခါ ရွာထိပ်ဖျားမှာ တဲလေးနဲ့နေပြီး ဖခင်နဲ့ ညီတစ်ယောက်ရှိတာကို သိခဲ့ရတယ်။

လက်ဖက်ရည်ဆိုင်ရောက်တော့····

‘သူခိုးနောက် ပါသွားပြန်ပြီဟေ့။ ရွာလယ်က တစ်အိမ်၊ ရွာထိပ်က တစ်အိမ်၊ ဆက်တိုက်ခိုးသွားတာ’ဟု ကိုကျော်နှင့် အခြားရွာထဲမှ မိတ်ဆွေများက ပြောကြပြန်ရော။

‘ဟို ပလုံကောက်တဲ့ကလေးပဲ ဖြစ်မှာပေါ့’လို့ ပြောလိုက်ပြီး မိုးလင်းတာနဲ့ ပလုံကောက်တဲ့ကလေးနေတဲ့တဲကို သွားကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

ရွာထိပ်ကတဲနားရောက်ခဲ့ပြီ၊ ခြံစည်းရိုးအကာအရံမရှိတဲ့ တဲအိမ်ငယ်ကို တွေ့ရတယ်။ အိမ်နောက်တွင် မီးဖိုနားမှာ ပလုံကောက်တဲ့ကလေးကို တွေ့ရတယ်။ ခပ်တင်းတင်းမျက်နှာထားနဲ့ ‘ဟိတ်ကောင်လေး မင်းမိဘတွေ မရှိဘူးလား၊ ဘာလုပ်နေလဲ’ဟု မေးရာ··

‘ဟုတ်ကဲ့ အဖေက နေမကောင်းဘူး။ ညီလေးက ဆန်ပြုတ်သောက်နေတယ် ဦးလေး···ဘာလုပ်ချင်လို့လဲ မသိဘူး’လို့ စိုးရိမ်သောမျက်နှာနဲ့ ပြန်မေးတော့။

‘အေး ငါ့အိမ်က ခွေးလေးပျောက်သွားလို့ ဘေးနားက မြင်တဲ့သူက ကလေးတစ်ယောက်ပွေ့သွားတယ်ဆိုလို့ လိုက်ရှာတာ မင်းများ ဖမ်းသွားလားလို့ လာကြည့်တာ’

‘ကျွန်တော် မဖမ်းပါဘူး ဦးလေးရယ်။ မယုံရင် အိမ်ထဲဝင်ကြည့်ပါ’

ကိုယ်ကလည်း အဲဒီလို ဝင်ကြည့်ဖို့ ဠင်(ခွင်)ဖန်တာဆိုတော့ အိမ်ထဲ ဝင်လိုက်ခဲ့တာပေါ့။ အိမ်ထဲမှာ ကတ်ကြမ်းခင်းပေါ်မှာ အိပ်နေတဲ့ နေမကောင်းတဲ့သူနဲ့တူတဲ့တစ်ယောက်ရဲ့ဘေးမှာ အသက် ငါးနှစ်လောက်ရှိတဲ့ ကလေးတစ်ယောက် ဆန်ပြုတ်သောက်နေတာ တွေ့လိုက်ရတယ်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အိုးနဲ့ပန်းကန်ရယ်၊ အဝတ်တစ်ထည်၊ နှစ်ထည်ရယ်၊ စောင်စုတ်ရယ်၊ ပလုံကောက်ပြီး အမျိုးအစားခွဲထားတဲ့ အပုံလေးတွေရယ်ပဲတွေ့တော့ ညက ပစ္စည်းခိုးတာမဖြစ်နိုင်ဘူးဆိုတဲ့ အတွေးဝင်လာတယ်။

‘မင်း မနက်အစောကြီးထပြီး ပလုံကောက်နေတာ ရပ်ကွက်ထဲမှာ ဘာထူးတာတွေ့မိလဲကွ’ လို့ မေးတော့ အိပ်ရာထဲရှိတဲ့ သူ့အဖေက

‘ငါ့ညီရယ်၊ ကိုယ်က မထနိုင်လို့ ဒီတိုင်းပဲပြောပါရစေ။ သားလေးက ပလုံကောက်ပြီး ကိုယ့်ကို ဆေးကုရှာကျွေးနေတာ။ သူ့ညီလေးကလည်း ဘာမှ မလုပ်နိုင်ဘူးလေ။ ငယ်သေးတယ်။ သားက ခဏခဏပြောတယ်။ ရွာလယ်က အစ်ကိုကြီးက သူများအိမ်ထဲက ပစ္စည်းတွေယူပြီး ထွက်လာတာ ခဏခဏတွေ့တယ်တဲ့။ ရွာထဲက ပစ္စည်းတွေပျောက်တာ သူ့လက်ချက်တဲ့။ သား ပလုံကောက်သွားရင် အခြားသူတွေက သူခိုးထင်မှာကို အမြဲစိုးရိမ်နေတာတဲ့ဗျ’

‘မင်းမြင်တာ မောင်နီကို ပြောတာလား။ မနက်လင်းမှ မကောက်ဘဲ ဘာလို့ မိုးမလင်းခင် ကောက်ရတာလဲ’လို့ ကလေးကို မေးလိုက်ရာ

‘ကျွန်တော်က မနက် ပလုံကောက်လို့ ရတာလေးနဲ့ ချေတာပြီး အဖေနဲ့ ညီလေးအတွက် ဆန်ပြုတ်ပြုတ်ပေးပြီး ဝပ်ရှော့မှာ ပညာသွားသင်နေတာဗျ···ကျွန်တော်ပညာတတ်ရင် ပလုံမကောက်တော့ဘူး။ အဖေတို့ကို ဝပ်ရှော့ လုပ်ကျွေးမှာ’တဲ့

ကျွန်တော့်စိတ်ထဲ ကျင်ခနဲ ဖြစ်သွားအောင် ခံစားလိုက်ရတယ်။

ဒီလိုနဲ့ ရွာလယ်က မောင်နီကို ပလုံကောက်တဲ့ကလေး အကူအညီနဲ့ ခိုးထုတ်တဲ့သူကို ဖမ်းမိခဲ့တယ်ဆိုပါတော့··· နောက်မှ မောင်နီက ဆေးစွဲလူငယ်တစ်ယောက်ဖြစ်တယ်ဆိုတာပါ သိလိုက်ရတယ်····။

ကိုယ့်ကိုယ့်ကို မချင့်မရဲဖြစ်ပြီး နောင်တရမိတယ်။ ရိုးသားတဲ့ကလေးကို သူခိုးဖြစ်မှာပဲလို့ ထင်ခဲ့၊ ပြောခဲ့၊ ရှာခဲ့မိတဲ့ မဆင်မခြင်ပြောမိတဲ့ အဖြစ်ကိုပါ။

သူတစ်ပါးကို မဟုတ်မမှန် ပြောဆိုရင် ဝဋ်လိုက်တတ်တယ်ဆိုတဲ့ ဘဘုန်းကြီးရဲ့စကားကလည်း နားထဲ ထပ်တလဲလဲကြားယောင်မိနေပြန်ရော။ ကိုယ့်အပြစ်ကို ဆေးကြောတဲ့အနေနဲ့ ကောင်လေးတို့မိသားစုကို အဲ့ဒီနေ့ကစပြီး တတ်နိုင်သလောက် ထောက်ပံ့ကူညီပေးဖြစ်တာပါ။ လိုက်မယ့်ဝဋ်ကို ကုသိုလ်နဲ့ ဖုံးဖိတယ်ပေါ့ဗျာ။ လုံမလုံတော့ ကျွန်တော် မသိပါ···။

# ပန်းချီစိုးမြင့်ဦး၏ The Classic ရိုးရာပန်းချီပြပွဲ ဖွင့်လှစ်ပြသ

**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂(A)လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ ပရိတ္တဝါ အနုပညာပြခန်းတွင် ပန်းချီဆရာ စိုးမြင့်ဦး၏ The Classic ရိုးရာပန်းချီပြပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်က ဖွင့်လှစ်ခဲ့သည်။

ပြပွဲသို့ ဖိတ်ကြားထားသော ပန်းချီဆရာများ၊ ကဗျာဆရာများ၊ စာရေးဆရာများ၊ ပန်းချီဝါသနာရှင်များ တက်ရောက်ကြသည်။

ပြပွဲတွင် ပြသထားသော ပန်းချီကားများမှာ ပြရိုးပြစဉ် ပန်းချီကားများမဟုတ်ဘဲ မြင်တွေ့ရနည်းသည့် မှန်စီရွှေချပန်းချီကားများဖြစ်သည်။ ပန်းချီကားများကို ပုံမှန်အတိုင်း စုတ်တံဖြင့် ရေးဆွဲထားခြင်းမဟုတ်ဘဲ ကညစ်အမျိုးအစားဖြစ်သည့် ဆေးထိုးပြွန်မျိုးဖြင့် ရေးဆွဲထားသည်။

ပန်းချီကားများ ဖန်တီးရေးဆွဲမှုနှင့်ပတ်သက်ပြီး ပန်းချီဆရာ စိုးမြင့်ဦးက "ပန်းချီကားဖန်တီးရေးဆွဲရတာ အချိန်အများကြီး ပေးရပါတယ်။ ကောက်ကြောင်းကို ဦးစားပေးပြီး ဆေးခြယ်၊ ကောက်ကြောင်းပြန်ဆွဲ၊ အကြိမ်ကြိမ်အခါခါ လုပ်ရတယ်။ ပန်းချီကားတစ်ကား ပြီးဆုံးဖို့ အနည်းဆုံး တစ်ပတ်ခန့် ကြာပါတယ်"ဟု ပြောသည်။

ပန်းချီကားများမှာ သရိုးကိုင်ပြီး ဆေးပြန်အုပ်ကာ မှန်စီခြင်း၊ ကျောက်စီခြင်း၊ ရွှေသွင်းခြင်းများဖြင့် ဖန်တီးထားရာ 3D သုံးဖက်မြင်ရုပ်လုံးကြွ မြန်မာ့ရိုးရာပန်းချီကားများအဖြစ် တွေ့မြင်ရမည် ဖြစ်သည်။

ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အောက်တိုဘာ ၁၈ရက်မှ ၂၅ ရက်အထိ နေ့စဉ်ပြသပေးလျက်ရှိရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ဖော်ညွှန်းသီ)



# စာအုပ်စာစောင် ချစ်မြတ်နိုးသူလူငယ်များအသင်း စာဖတ်ဝိုင်းပြုလုပ်

**မိုင်းခတ် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူလူငယ်များအသင်း(Youth Club)တို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းခတ်မြို့နယ် ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အကြောင်းနှင့် စာကြည့်တိုက်မှူး ဒေါ်နန်းခင်ညွန့်က စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများနှင့် စာဖတ်ဝိုင်း ပြုလုပ်ဆွေးနွေးမည့် စာအုပ်ပါ အချက်အလက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စာရေးဆရာ ဆူးသစ် ရေးသားသည့် "ခွန်အားရှိသောစာ၊ ခွန်အားရှိသောလူငယ်" စာအုပ်အား စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရာ စာအုပ်စာစောင်ချစ်မြတ်နိုးသူ လူငယ်များအသင်း(Youth Club)မှ အဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများက ခွန်အားရှိသောစာ၊ လူငယ်နှင့် မိုက်ခြင်း၊ မမိုက်ခြင်း၊ လူငယ်နှင့် အတုယူခြင်း စသည့် ခေါင်းစဉ်ပါ အကြောင်းအရာများကို အပြန်အလှန် ဖတ်ကြား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*

*-*-*-*-*-*-*

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**ကျိုင်းလပ် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ကျောင်းသားလူငယ်များ လူငယ်ရေးရာ အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်၊ လူကောင်းများ ပေါ်ထွက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

(အောက်ပုံ)



ထို့နောက် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်လာ၍ ကျောင်းသားလူငယ်များသည် ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများကိုလည်း လေ့လာကြရန်နှင့် ရိုးသားကြိုးစားပြီး အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန်အတွက် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဓာတ်ပုံပြပွဲ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ညှော်ဝတ်ကျော်တဲ့အမရသား

* မန္တလေးမြို့ရဲ့ တောင်ဘက်ဝယ်
အမရပူရ တည်ရှိတယ် ။
တောင်မြို့လို့လဲ မှတ်ကာပေး
သာယာလှတဲ့ မြို့ကလေး ။

* ကြီးလေးကြီး ဘုရားတည်ရှိရာ
အမရပူရမြို့လေးမှာ ။
သေခြင်းကင်းရာ အမည်ရ
အေးချမ်းလှတဲ့ သည်ဌာန ။

* တောင်သမန်အင်းကြီးအထဲမှာ
ဦးပိန်တံတား တည်ရှိတာ ။
စိမ်းလန်းသာယာ မယ်ဇယ်တန်း
လှမ်းလာခဲ့ပါ သည်စခန်း ။

* ဆောင်းဒါးကျောင်းလည်း ရှိလေပြန်
လက်ခတ်သံတွေ စီစီညံ ။
မှတ်ကြတစ်ဖန် အမည်ပေး
ရက်ကန်းမြို့ကလေး ။

* လှမ်းလာခဲ့ပါ ချစ်မိတ်ဆွေ
"တောင်မြို့"ကနေ ဖိတ်ခေါ်နေ ။
ခင်မင်မှုတွေ ရှေ့ရှူထား
ညှော်ဝတ်ကျော်တဲ့ အမရသား ။ ။

ခိုင်ခန့်(အမရပူရ)





## စက်သုံးဆီဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

**မကွေး အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ မီးလန့်မှု၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင် ၂၀ အား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ စက်သုံးဆီဆိုင်များကို စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး၊ ဦးစိုးသူဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင် ၂၀ အား မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် (FSC) အမြန်ဆုံးရရှိရေးဆောင်ရွက်သွားရန်၊ အကြံပြုချက်ရယူထားပြီးသော စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်(FSC) အမြန်ဆုံးရယူဆောင်ရွက်ရန်၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အဆင်သင့်ဖြစ်စေရေး၊ ရေရှိရေး၊ စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးငြိမ်းသတ်သည့် ပစ္စည်းကိရိယာများ လက်တွေ့ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် ဓာတ်တိုက်လေ့ကျင့်ပေးခြင်းများ စီမံဆောင်ရွက်သွားရန် စစ်ဆေးအကြံပြုခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတ်ပြရေးနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မောင်စိုင်မင်း(ပြန်/ဆက်)**

**သရက်မြို့နယ်၊ မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်မှုဖြင့် ပြရေနယ်မြေမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးဝင်းဆန်းနှင့် တပ်ဖွဲ့ဝင်များသည် ပြရေကျေးရွာအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအား ယမန်နေ့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့စဉ်။ (ကဆ)**



## နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**တာချီလိတ် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်တွင် နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်က ဖမ်းဆီးအရေးယူထားသည်။

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ရန်အောင်မြေရပ်ကွက်နေ တင်ဝင်း(၄၈)နှစ်ဆိုသူ၏ နေအိမ်ဈေးဆိုင်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မွန်းလွဲ ၁၂ နာရီခွဲတွင် ဟောင်လိတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နေအိမ်ဈေးဆိုင်အတွင်းမှ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် တင်ဝင်းဆိုသူကို ဟောင်လိတ်နယ်မြေရဲစခန်းမှ လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ မထက်ထက်မွန်(၂၈)နှစ်ဆိုသူ၏ နေအိမ်ဈေးဆိုင်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ၄င်းအား နေအိမ်ဈေးဆိုင်အတွင်းမှ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့် အတူ ဖမ်းဆီးရမိခဲ့သဖြင့် ထက်ထက်မွန်ဆိုသူအား လားရှိုးမြို့မရဲစခန်းမှ လည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ခွန်လှဖေ ၄၄ နှစ်ဆိုသူ၏ နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နေအိမ်အတွင်းမှ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ခွန်လှဖေ ဆိုသူအား ပင်လုံနယ်မြေရဲစခန်းမှလည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် ရမည်းသင်းမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၅၉၈ တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ၁၀ စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးမြို့၊ ရွှေကြက်ယက်ဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုး ၃၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Mitsubishi Canter Truck တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**မိုင်းခတ် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်၊ မိုင်းခတ်မြို့နယ်၌ အောက်တိုဘာ ၁၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မိုင်းခတ်မြို့နယ်၊ တောင်သုံးလုံးကျေးရွာအနီး ကျိုင်းတုံ-မိုင်းခတ်ကားလမ်း ကီလိုမီတာတိုင်အမှတ် ၆၀ နှင့် ၆၁ ကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မိုင်းခတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပခုက္ကူမြို့နေ ရန်လင်းအောင် ၃၇ နှစ်ဆိုသူ မောင်းနှင်ပြီး ပုလဲမြို့နယ်၊ ဖိုကုန်းကျေးရွာနေ နေကျော်အောင်(၃၄)နှစ်ဆိုသူ လိုက်ပါလာသည့် NIS-SAN 12 ဘီးယာဉ်သည် မိုင်းယန်းမြို့မှ ကျိုင်းတုံမြို့သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ ကုန်းအဆင်းအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ရှိ တောင်ကမ်းပါးယံအား ဝင်ရောက်တိုက်မိစဉ် နေကျော်အောင်ဆိုသူက ယာဉ်ပေါ်မှ ခုန်ဆင်းခဲ့ရာ ယာဉ်၏ဝဲနောက်ဘီးဖြင့် ကြိတ်မိခဲ့ပြီး ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ရန်လင်းအောင်ဆိုသူအား မိုင်းခတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀



## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ပဲခူး အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၌ အောက်တိုဘာ ၁၆ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် အမှတ်(၁၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ရွှေတောင်မြို့နယ်၊ ဆင်မကြပ်စစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်မှ ပြည်သို့ မိုးညိုမြို့နယ်၊ မြို့မရပ်ကွက်နေ အောင်ပြည့်စုံ ၂၅ နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA AIR-WAVE မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့်အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်ပြည့်စုံ ဆိုသူအား ရွှေတောင်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အီရန်နျူကလီးယားအစီအစဉ်အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ကန့်သတ်ချက်အားလုံး တရားဝင်ပျက်ပြယ်ပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးပြောကြား



**တီဟီရန် အောက်တိုဘာ ၁၉**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ကန့်သတ်ချက်အားလုံးသည် အောက်တိုဘာ ၁၈ ရက်မှစပြီး တရားဝင်ပျက်ပြယ်ခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး စီယက်အာဘာ့စ်အာရာချီက ယမန်နေ့တွင် ပြောကြားသည်။

လွန်ခဲ့သော ၁၀ နှစ်အကြာက အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့အကြား နျူကလီးယားသဘောတူညီချက်နှင့်ပတ်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်နှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌ ဗက်ဆီလီ အေနီဘင်ဇီယာတို့ထံ ပေးပို့သည့်စာတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရာချီက အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၁၈ ရက်နောက်ပိုင်း ကုလလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၂၃၁ ၏ ပြဋ္ဌာန်းချက်အားလုံးနှင့် ယခင် ဒဏ်ခတ်အရေးယူမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို တရားဝင် ရပ်ဆိုင်းသင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာရာချီက ပြောကြားခဲ့သည်။

အီရန်သည် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံဖြစ်သည့် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ အမေရိကန်တို့နှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကုလသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားရန်အတွက် ၎င်း၏နျူကလီးယားအစီအစဉ်အပေါ် တားမြစ်ချက်အချို့ကို လက်ခံသဘောတူညီခဲ့သည်။

သို့သော် အမေရိကန်ပြည်ထောင်စုသည် ၂၀၁၈ ခုနှစ် မေလတွင် အဆိုပါသဘောတူညီမှုမှနုတ်ထွက်ပြီး အီရန်အပေါ် ပိတ်ဆို့အရေးယူမှုများ ပြန်လည်ချမှတ်ခဲ့ရာ တီဟီရန်က သဘောတူညီချက်အရ ၎င်း၏ကတိကဝတ်များကို ဖျက်သိမ်းခဲ့သည်။

ယခုနှစ် ဩဂုတ်လနှောင်းပိုင်းတွင် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့က အီရန်အပေါ် ကုလသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုများကို ပြန်လည်ချမှတ်ရန် ကြိုးပမ်းခဲ့သည်။

ပိတ်ဆို့အရေးယူမှုများတွင် သမားရိုးကျလက်နက်ရောင်းချမှု၊ ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုများအပေါ် ကန့်သတ်ချက်များ၊ အီရန်၏ နျူကလီးယားနှင့် ဒုံးကျည်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသည့် အဓိကကျသောပုဂ္ဂိုလ်များ၏ ပိုင်ဆိုင်မှုများထိန်းချုပ်ရေး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းကန့်သတ်ချက်များ၊ ယူရေနီယံသန့်စင်မှု သို့မဟုတ် ပြန်လည်လုပ်ဆောင်ခြင်းဆိုင်ရာ တားမြစ်ချက်များ ပါဝင်သည်။

ဒဏ်ခတ်ပိတ်ဆို့မှုများကို အစပျိုးရန် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့၏ ကြိုးပမ်းမှုသည် တရားမျှတမှုမရှိသည့်အပြင် စည်းမျဉ်းများ၊ အီရန်နျူကလီးယားသဘောတူညီချက်နှင့် ကုလသမဂ္ဂဆုံးဖြတ်ချက်၏ စစ်မှန်သောအဓိပ္ပာယ်ကို ချိုးဖောက်ရာရောက်ကြောင်း အာရာချီက ပြောကြားခဲ့သည်။

အီရန်သည် အထက်ပါဥရောပသုံးနိုင်ငံအပြင် အမေရိကန်နှင့်လည်း ဆွေးနွေးမှုများပြုလုပ်ကာ အပြုသဘောဆောင်သော လုပ်ဆောင်မှုများ ဆောင်ရွက်ကာ သံခင်းတမန်ခင်းနည်းလမ်းဖြင့် နျူကလီးယားပြဿနာကို ဖြေရှင်းရန် အမြဲကြိုးစားနေကြောင်း အာရာချီက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

## ထိုင်းနိုင်ငံ၏ သက်တမ်းအရှည်ဆုံး ဒီမိုကရက်ပါတီက ဝန်ကြီးချုပ်ဟောင်း အဘီဆစ် ကို ပါတီခေါင်းဆောင်ခန့်အပ်



**ဘန်ကောက် အောက်တိုဘာ ၁၉**

ထိုင်းနိုင်ငံ၏ သက်တမ်းအရှည်ဆုံး ဒီမိုကရက်ပါတီသည် ဝန်ကြီးချုပ်ဟောင်း အဘီဆစ် ဗေ့ချာချီဝါးကို ပါတီခေါင်းဆောင်အဖြစ် ပြန်လည်ခန့်အပ်လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အဘီဆစ်သည် အောက်တိုဘာ ၁၈ ရက်တွင် ပြည်တွင်းမီဒီယာများက တိုက်ရိုက်ထုတ်လွှင့်ခဲ့သော ပါတီဝင်များ၏ မဲပေးမှုတွင် ၉၆ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။

"ကျွန်တော့်စိတ်က ဒီနေရာကနေ ဘယ်တုန်းကမှ မခွဲခွာခဲ့ပါဘူး" ဟု အသက် ၆၁ နှစ်အရွယ် ၎င်းက ရလဒ်ကြေညာပြီးနောက် ထောက်ခံသူများကို ထုတ်ဖော်ပြောကြားသည်။

နိုင်ငံရေးလောကမှ နှစ်များစွာ ကင်းကွာပြီးနောက် ပြန်လည်ရောက်ရှိလာခြင်း အဘီဆစ်သည် လူ ၉၀ ကျော်သေဆုံးပြီး ၂၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည့် ၂၀၁၀ ပြည့်နှစ် ပဋိပက္ခများ ဖြစ်ပွားပြီးနောက် နှစ်ပေါင်းများစွာ ကြာရှည်ခဲ့သော ပြည်တွင်းသဘောထားကွဲလွဲမှုများနှင့် လူကြိုက်များမှု ကျဆင်းလာခြင်းတို့ကြောင့် ၂၀၂၃ ခုနှစ်တွင် ဒီမိုကရက်ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

ဝန်ကြီးချုပ် အနူတင် ချန်းဗီရာကူလ်က ပါလီမန်ကို ဖျက်သိမ်းရန် ကတိပြုပြီးနောက် လေးလအတွင်း ကျင်းပရန်မျှော်လင့်ထားသည့် ရွေးကောက်ပွဲများ မတိုင်မီ ၎င်း၏ ပြန်လာမှုသည် ပါတီ၏ ဂုဏ်သိက္ခာကို အားကောင်းလာနိုင်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## ကမ္ဘာ့ကြဲအရှိဆုံး ရူပဗေဒပညာရှင်တစ်ဦးဖြစ်သူ ချန်နင်ယန်း အသက် ၁၀၃ နှစ်အရွယ်၌ ကွယ်လွန်

**ပေကျင်း အောက်တိုဘာ ၁၉**

နိုဘယ်ဆုရှင်ဖြစ်ပြီး ကမ္ဘာ့ကြဲအရှိဆုံး ရူပဗေဒပညာရှင်များထဲမှ တစ်ဦးဖြစ်သည့် ချန်နင်ယန်းသည် အသက် ၁၀၃ နှစ်အရွယ်၌ ကွယ်လွန်သွားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။


တရုတ်အခြေစိုက် စီစီတီဗွီ သတင်းဌာနမှ ထုတ်ပြန်သော နာရေးကြော်ငြာတွင် ကျန်းမာရေးချို့ယွင်းမှုကြောင့် ၎င်းကွယ်လွန်ရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ချန်နင်ယန်းနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် သီအိုရီရူပဗေဒပညာရှင် လီကျုံးတောင်းတို့နှစ်ဦးသည် ဒြပ်ထု၏ အခြေခံအုတ်မြစ်များဖြစ်သော အခြေခံအမှုန်များနှင့် ပတ်သက်၍ အရေးကြီးသော တွေ့ရှိမှုများကို ဦးတည်စေခဲ့သည့် ဥပဒေသများဆိုင်ရာ ၎င်းတို့၏ စွမ်းဆောင်မှုများအတွက် ၁၉၅၇ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကို ပူးတွဲချီးမြှင့်ခံခဲ့ရသည်။

ယန်းသည် ပေကျင်းမြို့တော်ရှိ ဂုဏ်သိက္ခာကြီးမားသည့် ချင်ဟွာတက္ကသိုလ်တွင် ပါမောက္ခအဖြစ်လည်းကောင်း အဆိုပါတက္ကသိုလ်၏ အဆင့်မြင့်လေ့လာရေးဌာန၏ ဂုဏ်ထူးဆောင်ဌာနမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

Mon





## အိန္ဒိယနိုင်ငံ ဒေလီမြို့တော်ရှိ လာ့ဂျ်ပတ်နာဂါရပ်ကွက်၌ ရွှေငွေရတနာဆိုင်များတွင် လူများစွာဖြင့် စည်ကားနေခဲ့

**ဒေလီ အောက်တိုဘာ ၁၉**

ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်မတိုင်မီ အိန္ဒိယနိုင်ငံ ဒေလီမြို့တော်ရှိ စည်ကားလှသော လာ့ဂျ်ပတ်နာဂါရပ်ကွက်ရှိ ရွှေငွေရတနာဆိုင်များတွင် လူများစွာဖြင့် စည်ကားနေခဲ့ကြောင်း သိရသည်။

ထိုဆိုင်များကို ရုံးပိတ်ရက်များတွင်ပင် ဖွင့်လှစ်ထားကြပြီး ညနေစောင်းချိန်၌ ပန်းများဖြင့် အလှဆင်ထားသည့် ဆိုင်များအတွင်းသို့ ဈေးဝယ်သူများကို ဆွဲဆောင်သည့် တောက်ပသော ဆိုင်းဘုတ်များကြောင့် ကားဒါဇင်များစွာ လမ်းမများပေါ်တွင် တန်းစီလျက်ရှိသည်။

၁၀ ဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၄၄၀ (ပေါင် ၁၀၈၁) အထက်သို့ ရောက်ရှိခဲ့သည့် ရွှေဈေးနှုန်းများ တက်လာခြင်းက ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး အဆိုပါ သတ္တုဝါဈေးကွက်၌ ယခုနှစ်အတွင်း ရတနာဝယ်လိုအားကို အနည်းငယ်ထိခိုက်စေခဲ့သော်လည်း အိန္ဒိယနိုင်ငံသားတို့သည် ၎င်းတို့၏ ရွှေအပေါ် နှစ်သက်မြတ်နိုးမှုကို လုံးဝဥဿုံ လက်လျှော့ကြမည့်ပုံမပေါ်ပေ။

ဒီပါဝလီပွဲတော်နှင့်အတူ ယခုနှစ်တွင်ကျရောက်သည့် ဒန်တေရပ်စ်အမည်ရှိ ပွဲတော်ငယ်သည်လည်း အဖိုးတန်သတ္တုများ ဝယ်ယူရန်အတွက် မင်္ဂလာရှိသည့် အခါသမယများဖြစ်သည်ဟု ယုံကြည်ကြပြီး၊ အိန္ဒိယနိုင်ငံသား ထောင်ပေါင်းများစွာသည် ဈေးကွက်များသို့ သွားရောက်ကာ ၎င်းတို့အတွက် ကြွယ်ဝချမ်းသာမှုနှင့် ကံကောင်းခြင်းများ ယူဆောင်လာပေးသည်ဟု ယုံကြည်ကြသော ရွှေ၊ ငွေဒင်္ဂါးပြားများ၊ ကျောက်မျက်ရတနာများကို ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Mon

## တရုတ်နိုင်ငံပိုင် တရုတ်အရှေ့ပိုင်း လေကြောင်းလိုင်း ရှန်ဟိုင်း-ဒေလီ ခရီးစဉ်များကို ပြန်လည်စတင်တော့မည်

**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်နိုင်ငံပိုင် တရုတ်အရှေ့ပိုင်း လေကြောင်းလိုင်းသည် ငါးနှစ်ကြာ ရပ်ဆိုင်းထားပြီးနောက် တရုတ်နှင့် အိန္ဒိယတို့က တိုက်ရိုက်လေကြောင်းခရီးစဉ်များကို ပြန်လည်စတင်လိုက်ချိန်တွင် ရှန်ဟိုင်း-ဒေလီ ခရီးစဉ်များကို နိုဝင်ဘာ ၁၉ ရက်မှစ၍ ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ လေကြောင်းခရီးစဉ်များကို တစ်ပတ်လျှင် သုံးကြိမ် ဗုဒ္ဓဟူးနေ့၊ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် ပြေးဆွဲမည်ဖြစ်ကြောင်း လေကြောင်းလိုင်း၏ အွန်လိုင်းလက်မှတ် ရောင်းချမှုပလက်ဖောင်းတွင် ဖော်ပြထားသည်။

အိမ်နီးချင်းနှစ်နိုင်ငံအကြားရှိ စီးပွားရေးဆိုင်ရာ လေကြောင်းခရီးစဉ်များကို ငါးနှစ်ကြာ ရပ်ဆိုင်းထားပြီးနောက် ပြန်လည်စတင်တော့မည်ဟု ယခုလအစောပိုင်းတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဌာနကအတည်ပြုခဲ့သည်။

အဆိုပါ ကြေညာချက်သည် အိန္ဒိယဝန်ကြီးချုပ် နရင်ဒရာမိုဒီသည် ဒေသဆိုင်ရာ လုံခြုံရေးအဖွဲ့ဖြစ်သော ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးအစည်းအဝေးအတွက် ခုနစ်နှစ်ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံသို့သွားရောက်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

နှစ်ဖက်စလုံးက ကုန်သွယ်ရေးဆက်ဆံမှု တိုးတက်စေရန် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပြီး ဝန်ကြီးချုပ်မိုဒီက အိန္ဒိယနိုင်ငံ၏ တိုးပွားလာနေသော နှစ်နိုင်ငံ ကုန်သွယ်ရေးလိုငွေနှင့်ပတ်သက်၍ စိုးရိမ်မှုများကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၅၁၃-က)၊ ဦးပိုင်အမှတ်(၃-င+၃-ဓ)၊ ဧရိယာ(၀ ဒသမ ၀၁၈၃ + ၀ ဒသမ ၀၀၀၅)ဧက အကျယ်အဝန်းရှိ ဦးမောင်ကို၊ ဒေါ်တင်တင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေရရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသော ၁။ ဒေါ်အုံးအုံးလွင်(ဘ)ဦးမောင်ကို(၅/ရဘန(နိုင်)၀၃၀၃၀၃)၊ ၂။ ဒေါ်ခင်စိုးဝေ(ဘ)ဦးညွန့်ဝေ (၉/မရတ(နိုင်)၀၁၆၁၃၅)၊ ၃။ ဦးခင်မောင်ဌေး(ဘ)ဦးမောင်ကို(၉/မရတ(နိုင်)၀၁၆၁၂၂)၊ ၄။ ဦးခင်မောင်မြင့်(ဘ)ဦးမောင်ကို (၉/မရတ(နိုင်)၀၁၆၁၃၂)၊ ၅။ ဒေါ်ကြည်ကြည်ဝင်း(ဘ)ဦးမောင်ကို(၉/မရတ(နိုင်)၀၁၅၁၃၆) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်အေးသီတာအောင်(LL.M) ဒေါ်စာနည်အောင်(LL.B) ဒေါ်သန်းသန်းဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၁၀–ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၂၇၇၈၆၂၃၊ ၀၉-၇၉၈၆၉၉၅၄၄**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၂)၊ ဦးပိုင်အမှတ်(၇၂)၊ မြေကွက်ပေါ်တွင် ဒေါ်နိုင်ခင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၁၀၆၇၂၄)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၂)၊ ဦးပိုင်အမှတ်(၇၂)၊ မြေကွက်ပေါ်တွင် ဒေါ်နိုင်ခင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၁၀၆၇၂၄)က RC ၃ ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၁၁+၁၂+၂၁+၂၂)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်နွယ်လင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကလတ(နိုင်)၀၂၀၂၈၆)က မြေအောက်ထပ် + RC ၁၁ ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့် ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၁)၊ ဦးပိုင်အမှတ်(၂၃+၂၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁ + ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဝင်းသန်းဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီနှစ်ထပ် အဆောက်အအုံ၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ရင်ရီဟွမ်(ဘ)ဦးရင်ကျွေးကြီး(၁၃/မရန(နိုင်)၀၁၈၃၇၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၁၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃ လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၈)၊ ဦးပိုင်အမှတ်(၁၀၁-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်တင်တင်လှိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးတင်မောင်အေး(ဘ)ဦးသန်းမောင်(၅/ပလန(နိုင်)၀၅၇၁၁၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၁၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃ လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၃၂)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်ကြပ်မြင့်သိန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးအောင်သူရ(ဘ)ဦးအောင်တိုး(၁/မညန(နိုင်)၁၂၃၇၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၁၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃ လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၅)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေကွက်ပေါ်တွင် ဦးဝင်းအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၆၇၀၇၄)က RC ၄ ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(တ-၃)၊ ဦးပိုင်အမှတ်(၆၉)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းကောင်တစ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၀၈၂၂၄)က RC ၂ ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၅)၊ ဦးပိုင်အမှတ်- ၁၇(တောင်ခြမ်း)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်သန်းမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၃၆၀၃၈)က RC ၂ ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၆)၊ ဦးပိုင်အမှတ်(၅၇-ခ)၊ မြေကွက်ပေါ်တွင် ဦးထိုက်ထိုက်အောင်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/ရစက(နိုင်)၁၆၈၂၄၂)က RC ၄ ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၈)၊ ဦးပိုင်အမှတ်(၇၅မှ၈၀ထိ)၊ မြေကွက်ပေါ်တွင် ဒေါ်ဖြူဖြူအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၂၁၈၃၄၉)က SS ၂ ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၆၈-ခ+၆၉)၊ မြေကွက်ပေါ်တွင် ဦးကျော်စိုးမိုး(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၁၂၃၀၇)က RC ၂ ထပ်တိုးချဲ့ အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၃)၊ ဦးပိုင်အမှတ်(၁၇-ခဲစင်း)၊ မြေကွက်ပေါ်တွင် ဒေါ်စန်းစန်းထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/ပမန(နိုင်)၀၈၄၅၄၄)က RC ၃ ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၆)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်သိန်းအမည်ဖြင့် ချထားရရှိသော မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း၏မြောက်ဖက်ပိုင်း ခဲစင်းပြဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီးအပါအဝင် သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံ အကာအရံတို့နှင့်တကွ ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်+နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ ယင်းပစ္စည်းအရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်သီတာမြင့်(အဘ)ဦးမြင့်(၉/မရတ(နိုင်)၀၄၅၀၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇော်မင်းလေး | ဒေါ်အိအိဖွေး | ဦးဇင်မင်းထိုက် | ဒေါ်ဆုမြတ်အောင် | ဒေါ်နီနီမြင့် | ဒေါ်ဆွေမြတ်ဇင်ဝင်း | ဒေါ်မေသူဇာဝင်း |
|---|---|---|---|---|---|---|
| (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

၂၈လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၈၈၈၉၇၈၆၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၂၅၆၀၂၈၄၉၁၊ ၀၉-၄၀၂၆၃၉၇၆၆

## Supervisor (ပညာရေးနှင့်စီမံခန့်ခွဲရေး) ဝန်ထမ်းအလိုရှိသည်

ကျား/မ -၁ဦး

- B.EDဘွဲ့ရရှိပြီးကျောင်းလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။
- အသက်(၃၀)နှင့်(၅၀)အတွင်းရှိရမည်။(အတွေ့အကြုံပေါ်မူတည်၍ ညှိနှိုင်းပေးပါမည်။
- ကျောင်းသားကျောင်းသူများ၊ မိဘများ၊ ဆရာဆရာမများနှင့် စိတ်ရှည်ကောင်းမွန်စွာ ဆက်ဆံပြီး ကျောင်း၏ လိုအပ်ချက်များကို ဦးဆောင်ဖြေရှင်းနိုင်သူ ဖြစ်ရမည်။
- ကျောင်းတစ်ကျောင်းလုံး၏လုပ်ငန်းတာဝန်များကို ဦးဆောင်နိုင်သူ ဖြစ်ရမည်။
- နေ့စဉ်ပညာရေးလုပ်ငန်းများသင်တန်းများကျောင်းတိုးတက် အောင်မြင်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ပညာရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူဖြစ်ရမည်။
- မျှော်မှန်းလစာနှင့်တကွ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

- ဆက်သွယ်ရန် - 116, 67x68 ကြား၊ ပြည်ကြီးတံခွန်မြို့နယ် UEA (စံချိန်ကိုယ်ပိုင်အထက်တန်းကျောင်း) ဖုန်းနံပါတ် - 09 781347590

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၁)၊ ဦးပိုင်အမှတ်(၆၁)အတွင်းမှ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးတင်ဝင်း(၅/ဝလန(နိုင်)၀၄၂၉၉၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးလှမိုး(ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်အမှတ်(၅၈-ခ)၊ ဧရိယာဧက(၀ ဒသမ ၀၂၇၅)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပျဉ်ထောင်နှစ်ထပ်အဆောက်အအုံ (ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးထိန်လင်း(၉/မရတ(နိုင်)၁၀၈၁၁၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးလှမိုး(ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀

## အမည်မှန်နှင့် မိခင်အမည်မှန်

(ဘ)ဦးခမ်းအောင်၏သမီး၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း G-7 မှ မနန်းဆောင်းသဇင်၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မဆောင်းသဇင်၊ မိခင်အမည်မှန်မှာ ဒေါ်အာရှန်ဖြစ်ပါကြောင်း။

**မိခင်ဒေါ်အာရှန်**

**မဆောင်းသဇင်**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးရဲကျော်အောင် သမီး၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း Grade-3 မှ မမေမြတ်ယွန်းဆု၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ(၂၈-၇-၂၀၁၆) ဖြစ်ပါသည်။

**မမေမြတ်ယွန်းဆု(၂၈-၇-၂၀၁၆)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၈)၊ ဦးပိုင်အမှတ်(၅၀/က)၊ ဧရိယာ(၁၅'×၄၅')ပေ အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်တင်တင်ဝင်း(ဘ)ဦးမြထွန်း(၉/မနမ(နိုင်)၀၉၃၂၁၄)အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ချက်အရ-**

**ဦးဇော်ဝင်းရွှေ (LL.B)**

**အထက်တန်းရှေ့နေ**

ဖဖ-၁၆၊ တိုက်နံပါတ်(၈)၊ အခန်း(၁၀၃)၊ မြရည်နန္ဒာအိမ်ယာ၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၆၀၀၇၄၇၊ ၀၉-၇၆၄၈၄၉၈၄၁

## ဒေါ်နီလာအေး(၉/ခမစ(နိုင်)၀၀၂၉၅၁)နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်တော်ဦးခင်မောင်အေး(ဘ)ဦးခင်မောင်ကြီး(၉/မရတ(နိုင်)၂၀၇၅၉၁)က သမီးဖြစ်သူ ဒေါ်နီလာအေးနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၁၃-က)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ကျွန်တော်ဦးခင်မောင်အေး၏ အမည်ဖြင့်ရရှိထားသော မြေကွက်ဖြစ်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင်(၁-က)မှတ်သားရခြင်း မရှိသေးသောကြောင့် သမီးဖြစ်သူ ဒေါ်နီလာအေးအား(၁-က)မှတ်သားခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စာရွက်စာတမ်းမူရင်းများအားလုံးပေးအပ်ပြီး ဆောင်ရွက်စေခဲ့ပါသည်။ ဒေါ်နီလာအေးမှ(၁-က)မှတ်သားခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ၎င်းလက်ဝယ်သို့ အပ်နှံထားသော စာရွက်စာတမ်းမူရင်းများကို ကျွန်တော်မသိရှိဘဲ အပေါင်ထားရှိကာ ငွေများထုတ်ယူသုံးစွဲခဲ့ပါသည်။ ထိုအပေါင်ထားရှိခြင်းကိစ္စများနှင့်ပတ်သက်၍ ကျွန်တော်မှသိရှိခြင်းမရှိသလို အထက်ပါမြေကွက်၏ စာရွက်စာတမ်းမူရင်းများနှင့် မြေကွက်ကို ကျွန်တော်၏ သဘောတူညီချက်မရှိဘဲ လက်ခံထားသူများနှင့် အလွဲသုံးစားပြုလုပ်ထားသူ ဒေါ်နီလာအေးတို့အား ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ကန့်ကွက်ဟန့်တားပြောကြားထားခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်၏ ကန့်ကွက်ဟန့်တားထားမှုကို နားမထောင်ဘဲ ဆက်လက်ဆောင်ရွက်နေမည်ဆိုပါက ဒေါ်နီလာအေးအပါအဝင် အားပေးကူညီလက်ခံထားသူများအား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်အေး(၉/မရတ(နိုင်)၂၀၇၅၉၁)**

အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၈၁၅၂၁၅၂

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၄၁၀/၃)၊ ဦးပိုင်အမှတ်(၅၅-စ)၊ ရန်-မန်းလမ်းအနောက်ဘက်၊ ၁၁လမ်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဦးထံမှ အပေးစာချုပ်အမှတ်(၂၁၆၃/၂၀၁၃)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးကြိုင်(၉/မရတ(နိုင်)၀၇၈၆၆၁)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၃၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းကြိုင်(၉/အမရ(နိုင်)၀၅၉၁၈၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမများ မသုံးရ။

❖ သစ်တောသစ်ပင်များစိုက်ပျိုးရာတွင်လည်း စိုက်သမျှ အပင်များ တစ်ပင်စိုက်တစ်ပင်ရှင်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက KNU/KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် လေးကေ့ကော်ဒေသရှိ ရှုခင်းသာနှင့် စွယ်တော်ကုန်းစခန်းတို့အား ပြန်လည်သိမ်းပိုက်ရရှိ နယ်စပ်ဒေသတစ်လျှောက် တရားမဝင်လုပ်ငန်းများ မရှိစေရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

KNU/ KNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် NCA ကို ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကေ့ကော်ဒေသတစ်ဝိုက် အခြေပြု၍ အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်စီးစေရန်နှင့် ၎င်းတို့၏ အိပ်မက်ဖြစ်သည့် သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေးအစိုးရထူထောင်ရန်အတွက် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသူများကို လူသားချင်းစာနာထောက်ထားမှုအကြောင်းအရာခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများ၊ ဒေသတွင်း၌ Online Scam Center အပါအဝင် တရားမဝင်လုပ်ငန်းများမှရရှိသည့် ငွေကြေးများကို လက်ခံရယူပြီး အကြမ်းဖက်သင်တန်းများ သင်ကြားပို့ချကာ လက်နက်များတပ်ဆင်ပေးပြီး ရှေ့ကာတပ်အဖြစ်အသုံးချ၍ ကရင်ပြည်နယ်အတွင်းရှိ တပ်မတော်မှစစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေးဆောင်ရွက်နေသည့် တပ်စခန်းများအပါအဝင် သဃ်န်းညီနောင်နှင့် မြဝတီဒေသရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် တပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် တပ်မတော်က အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် တပ်စခန်းများနှင့် မြို့/ရွာများအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ သဃ်န်းညီနောင်တပ်နယ်အား

စာမျက်နှာ ၈ သို့ ✧



တပ်မတော်စစ်ကြောင်းများက စွယ်တော်ကုန်းစခန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ရောက်ရှိ



သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ရောက်ရှိစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၆ သို့ ✤



# မန်ယူအသင်းက လီဗာပူးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

လန်ဒန် အောက်တိုဘာ ၁၉

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့ ည ၁၀နာရီက မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူအသင်းက လီဗာပူးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂မိနစ်တွင် အန်ဘူမို၊ ပွဲချိန် ၈၄မိနစ်တွင် မက်ဂွိုင်းယားတို့က အသီးသီး သွင်းယူပေးခဲ့ပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၇၈မိနစ်တွင် ဂတ်ပိုက သွင်းယူပေးခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ် (၈) ကစားအပြီးတွင် လီဗာပူးအသင်းက ရမှတ် ၁၅မှတ်ဖြင့် အဆင့်(၄)နေရာ၊ မန်ယူအသင်းက ရမှတ် ၁၃မှတ်ဖြင့် အဆင့်(၉)နေရာတို့တွင် ရပ်တည်ခဲ့ကြသည်။ (NGB)